
မိချမ်းဝေ
ပန်းများချစ်တဲ့
ဂန္ဓာရနှင်း

## ပန်းပုဆရာရဲ့လက်၊ သို့မဟုတ် ......

၁၉၇၅ ခုနှစ်တစ်ဝိုက်သည် ပညာရေးလောက၌ ‘ဆွဲခန့်’ အသံ စီစီညံသော ကာလဖြစ်သည်။ အလုပ်အကိုင် ရှားပါးလှသော ခေတ်ဖြစ်ရာ ၁၈၅ ကျပ်တည်း ဟူသော လစာဖြင့် တိုင်းစွန်နယ်ဖျားမှာ သွားရောက် တာဝန်ထမ်းရသော မူလတန်းပြဆရာမ ‘ဆွဲခန့်’ ရာထူးသည်ဆွဲဆောင်အားကောင်း လှ၏ ။ပါတီကောင်စီရုံးတွေမှာ လျှောက်လွှာစာရွက်တွေလိုသလောက်ရနေသည်။ ကြိုက်သည့်မြို့နယ်၊ ကြိုက်သည့် တိုင်းသို့လျှောက်၊ အလုပ်ရဖို့ မရဖို့တော့တာဝန်မယူ။ ရာထူးလစ်လပ်တာနှင့် ကိုယ်လျှောက်သည့်နေရာအပ်စပ်လျှင် အလုပ်ရမည်။ သေချာသည်မှာတော့ ပြည်မနှင့် ဝေးလံခေါင်ဖျား သော ဒေသသို့သာ သွား ရမည့်ကိစ္စဖြစ်သည်။

မည်သည့်မိဘမောင်ဖားက ကိုယ့်သားသမီးကို ဝေးလံခေါင်ဖျား တိုင်းစွန်နယ်ခြားသို့ အလုပ် ကလေးတစ်ခုနှင့် သွားစေချင်မည်နည်း။ ထောက်ခံသူနည်းနည်း၊ ကန့်ကွက်သူများများ၊ ပိုက်ဆံရှာဖို့ ဒီ လောက်အဝေးကြီး သွားစရာလိုသလား၊ ပိုက်ဆံအတွက်မဟုတ်လျှင် ဘာအတွက်သွားကြမှာလဲ .... စသောမေးခွန်းသံတွေ ဆူညံမြည်ဟိန်းလာသည်။ တချို့မိဘတွေရဲ့ ဗီတိုအာဏာစက်အောက်မှာ လျှောက်လွှာတွေ ဆုတ်ဖြဲခံရ၊ တချို့ခေါ်စာ ခန့်စာရောက်ပြီးမှ ‘‘မေမေ့မှာ နှလုံးရောဂါရှိတယ်’’ဆိုသော အကြောင်းပြချက်ဖြင့် တုံ့ဆွဲခံရ။

သည်လိုနှင့် မော်လမြိုင်၊ မုဒုံ၊ ဘီလူးကျွန်း၊ သထုံ၊ ဇီးကုန်း၊ သဲကုန်း စ သော မြို့များမှ ဆယ်တန်းအောင်မြင်ပြီးစ မိန်းကလေးတွေ အတော်များများ အစွန်အဖျားက ပြည်နယ်နှင့်တိုင်းတွေဆီ ဆွဲခန့်ရာထူးတစ်နေရာအတွက် ထွက်ကုန်

ကြသည်။ ထိုအထဲတွင် ကျွန်မသည် မြိတ်အရှေ့မြို့နယ်သို့ ရောက်ရှိသွားသူ ဖြစ်သည်။

ထိုအချိန်က ဆယ်ကျော်သက်အရွယ် ကျွန်မတို့စွဲသော ဝတ္ထုတစ်ပုဒ်မှာ စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦး၏ "ပျံ့သာပျံ့ပါ ငှက်ရွှေဝါ" ဝတ္ထုဖြစ်သည်။

"ငှက်တွေဟာ ပျံရင်းသေတယ်"

"လူတွေကတော့ ကြံရင်းသေတယ်"

ဝတ္ထုပါ စာသားကလေးကို မှတ်စုစာအုပ်ထဲမှာကူးရေးရင်း ငှက်တွေလို ပျံသန်းကြည့်ချင်သည့် စွန့်စားလိုစိတ်တွေ ကိန်းအောင်းခဲ့စဉ်ကာလ။

ဆရာနတ်နွယ်၏ 'မြန်မာပြည်မြောက်ပိုင်း'...... ဝတ္ထုကြီးကလည်း တိုင်းရင်းသားတွေရဲ့ ဓလေ့ ထုံးတမ်းအပေါ် မြတ်နိုးချစ်ခင်စိတ်ကို မျိုးစေ့ချပေးသေး၏ ။ ဆရာနတ်နွယ်၏ အရေးအသားက ဆွဲ ဆောင်အားကောင်းလှ၏ ။ သူ့ဝါကျ အထားအသို၊ အဖြတ်အတောက်၊ တင်ပြပုံတင်ပြနည်း၊ ဒေသဝန်း ကျင် ရေမြေတော တောင်အဖွဲ့များ စွဲနစ်စူးဝင်။

သည်လိုနှင့် အေဂျီးဆုံးဆီပျံသန်းခဲ့။ ဆွဲခန့်ဆရာမဆိုသော တောင်ပံကို တဖျပ်ဖျပ်ရမ်းခါလျက် အိမ်ရဲ့အပြင်ဘက်မှာ အိမ်နှင့်မတူသော မလုံခြုံမှု တဆွေလက် မည်းရိုင်းကြီးများရှိနှင့်နေကြောင်း မသိ ခင်ကာလအအထိ ပျော်ရွှင်စွာ၊ လွတ်လပ်စွာ၊ တက်ကြွစွာ ပျံသန်း ..... တကယ်တော့ ကျွန်မသည် သတ္တိမကောင်းလှသူ တစ်ယောက်ဖြစ်သည်။ ကျွန်မ၏ ပင်ကိုစိတ်ဓာတ်က ပျော့ညံ့လှသည်ဖြစ်ရာ ထို စွန့်စားသွားလာမှုခရီးသည် ကျွန်မအတွက် ခရီးကန္တာဖြစ်နေတော့သည်။

မိမိဇာတိမြေနှင့်မတူသော ရေမြေတောတောင်၊ ပင်လယ်ရေညှိစို့စို့ရနံ့၊ အစားအသောက်၊ စကားပြောလေယူလေသိမ်း ကမောက်ကမနိုင်မှုများ၊ အံဝင်ခွင်မကျရှိမှုများ၊ မြိတ်မြို့မှ ကားလမ်း ၉ မိုင်ခရီးဆုံး နောက်ကျူကျူ ကျောက်ဖြာမြစ်ပြင်ကို ငေးလျက် ဝမ်းထိုင်ဆိုသော စက်လှေကလေးနှင့် တာဝန်ကျ လယ်တောရွာ

ကလေးဆီ စီးနင်းလိုက်ပါလာခဲ့ရသော ခရီးတွင် စိတ်ဓာတ်တွေ အကြိမ် ကြိမ်ပြိုကွဲခဲ့။ မြစ်ပြင်မှ ဟိုသည်စုန်ဆန် မျောပါနေသော ဓနိလက်များကိုကြည့်ပြီး မိမိသည် ဦးတည်ရာ မဲ့ ဓနိလက်တစ်ချောင်းလေလားဟု ကိုယ့်ကိုယ်ကို သံသယဖြစ်ခဲ့ရသော နေ့ရက်များ။

သည်ဒေသဝန်းကျင်မှာတော့ ကော့သောင်း၊ ရနောင်း၊ ရှမ်းကမ်းသံတွေ သောသောညံနေ သည်။ ထူးထွေဆန်းပြားလှသော ထိုင်းဖြစ် အဝတ်အထည် အလှအပ၊ အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်များ မြိတ်မြို့ဈေးကြီးထဲမှာ အောတိုက်၍ သွန်ထိုးကျဆင်းနေသည်။ ၁၈၅ ကျပ်စားတို့ ဈေး ထဲဝင်သွားလျှင် လာပါ .... ဝယ်ပါ ဈေးခေါ်မည့်သူမရှိ။ မှောင်ခိုကုန်သွယ်ရေးလမ်းကြောင်း ပေါ်မှာ ငွေသံ၊ ကြေးသံ ချွင်ချွင်ညံနေသော ကာလဖြစ်သည်။

ထိုအသံဗလံများထဲတွင် ဆွဲခန့်ဆရာမလစာ ၁၈၅ ကျပ်သည် ပလုံသံမျှ ပင် မမြည်နိုင်။ ငွေသံ ကြေးသံ မကြားရပေမယ့် ကလေးတွေရဲ့ အသံကိုတော့ ကျွန်မ ကောင်းကောင်းကြီး ကြားနေရသည်။ အတွေ့အကြုံမရှိသော ဆရာမ အသစ်ကျပ်ချွတ်ကလေးသည် ကလေးတွေဆီ မရဲတရဲ တိုးဝင်မိခဲ့ခြင်း ကပင်လျှင် ကျွန်မ၏ ပညာရေးဝန်ထမ်းကာလ ပထမခြေလှမ်းဖြစ်ခဲ့၏ ။

ကလေးတွေနှင့် အနေနီးလာတော့ ကလေးစရိုက်၊ ကလေးဘာသာ၊ ကလေးအတွေး၊ ကလေး အရေးတို့နှင့် နှီးစပ်ကျွမ်းဝင်လာခဲ့တယ်။ သူတို့၏ ဖြူစင်ဝိုင်းစက်သော အပြစ်မဲ့မျက်ဝန်းများ၊ ဟန် ဆောင်မာယာကင်းသော အပြုံးချိုချိုများ၊ အရှိကို အရှိတိုင်း လှစ်ပြနေသော မသွန်းထုရသေးသည့် ကျောက်ရိုင်းတုံးများ ..... ဆွဲခန့် ဆရာမဘဝသည် အမိပွာယ်ပေါ်လွင်သည်ထက် ပေါ်လွင်ခဲ့ရသည်။

“ ဟောဒီ မဖြတ်ပိုင်း မထုဆစ်ရသေးတဲ့ ကျောက်တုံးထဲမှာ ထုဆစ်ပြီး သား သဏ္ဍာန်က ရှိပြီး သား၊ ပန်းပုဆရာက လှာလှပ်ရုံပါပဲ ..... တဲ့ ” ဖတ်ဖူးခဲ့တဲ့ စာစုတစ်ခု။

ပန်းပုဆရာရဲ့လက်ကတော့ ကြမ်းရှခဲ့တာ အမှန်ပါပဲ။ လိုချင်တာရဖို့အတွက် မလိုချင်တာတွေပါ ငြိတွယ်ကပ်ပါလာသည်ကို လက်မခံချင်ဘဲ လက်ခံခဲ့ရသည်။ ဒါသည်ပင်လည်း ဘဝဖြစ်ပေမည်။

အလုပ်မှအနားယူ၍ စာရေးသားခြင်းကို တစိုက်မတ်မတ် ပြုလာသည့်အခါ ကျွန်မသည် ကျွန်မ ထိစပ်ခဲ့သော ကမ်းရိုးတန်းဒေသမှ ကလေးတို့အကြောင်းကို ဝတ္ထုတိုကလေးများ တခုတ်တရ ရေးဖြစ် တယ်။ ဟိုတစ်ကွက်၊ သည်တစ်ကွက် စိတ်ကူးထဲ ပေါ်သလောက် ကျောင်းသား၊ ဆရာ၊ မိဘ တြိဂံ ဆက်ဆံရေးအကြောင်း မကြာခဏဆိုသလို ရေးသားဖြစ်သည်။ နယ်များသို့ စာပေဟောပြောပွဲ ထွက် သည့်ခါ နယ်ပရိသတ်က ဆရာမရယ် ရေးပေးပါဦး ….. ဒါမျိုးလေးတွေ များများရေးပေးပါဦး ဟု တောင်းဆိုအားပေးကြ၏ ။

စာတစ်ပုဒ်ရေးသည်ဆိုရာ၌ စာရေးသူသည် သူ့စာဖတ်ပရိသတ်ကို သိစေအပ်သော အကြောင်းအရာ အချက်အလက်တစ်ခု၊ သို့မဟုတ် တစ်ခုထက်ပို၍ ရှိနေတတ်သည်။ စာရေးသူပြောလို သည်များ စာဖတ်သူရင်ထဲ ဒုတ်ဒုတ်ထိရောက်ခြင်း၊ မရောက်ခြင်းသည် ပစ်မှတ်ဆီသို့ ပြေးသွားသော မြားရဲ့အဟုန်နှင့် သက်ဆိုင်ပါသည်။ ကျွန်မမြှားတံ ဘယ်လောက်ဖြောင့်စင်းသလဲ၊ ကျွန်မရဲ့ လေးညှို့ ဆွဲအားဘယ်လောက် အရှိန်ပြင်းသလဲ။ ကျွန်မရဲ့ စွဲထင်စူးနစ်နေသော စိတ်အာရုံခံစားမှု စေစားချက် စွမ်းအင် ဘယ်လောက်မြင့်မားသလဲ။

“ပန်းများချစ်တဲ့ ကန္တာနှင်း” ဝတ္ထုရှည်သည် ကမ်းခြေမှာ မွေးဖွားကြီးပြင်းသော ကလေးတစ် ဖွံ့ထွားရှင်သန်မှု၊ သူနေ့စဉ် မြင်တွေ့နေရသော ကမ်းခြေ၊ ငါးဖမ်းလှေ၊ ငါးဖမ်းပိုက်၊ အမျိုးအမည်များ ဖြင့် ပုံသဏ္ဍာန်ကွဲပြားလှသော ငါးများ၊ ထိုကလေးမ ပထမဦးဆုံး ကျူးရင့်လိုက်ပုံက သူကြီးလာရင် ငါး မန်းဖျက်သမကြီး ဖြစ်ချင်သတဲ့။

နေ့စဉ် မိုးသောက် ထိစပ်မှုဝန်းကျင်ရဲ့ ညှို့ဓာတ်မှာ ကလေးမလေး အမိခံလိုက်ရခြင်းဖြစ် သည်။ ထိုစိတ်ကူးကား ခဏတာမျှသာပင်။ ကျောင်းရောက်တော့

မြင်ကွင်းတွေ ပြောင်းလဲသွားသည်။ အမြင်သစ်၊ အာရုံသစ်တွေရဲ့ ရနံ့သစ်များမှာ ငြိတွယ်သွားသည်။ ဂီရိယတည်းဟူသော သဒ္ဒါစိတ်ဖြင့် ပညာရေးအပေါ် အလေးအ ညွှတ်ကိုင်းသွားသည်။ သည်လိုနှင့် ကလေးမမှာ ရည်ရွယ်ရာ သဘောထား တွေ ပြောင်းလဲသွားသည်။ တကယ်ကမ်းမှာတော့ စိတ်ကူးရည်ရွယ်ရာ အစစ်အမှန်ကို စာသင်ကျောင်း မှ ပြဋ္ဌာန်းပေးလိုက်ခြင်းဖြစ်သည်။

သည်သို့သည်နှယ် စာသင်ကျောင်းများမှ ပြဋ္ဌာန်းပေးလိုက်သော ကလေး များ မြန်မာပြည်တနံ တလျားမှာ သန်းနှင့်ချီပြီး ရှိနေသည်။ ကလေးတစ်ယောက် ကာယ၊ ဉာဏ်ဏ၊ စာရိတ္တ ဖွံ့ထားရှင်သန် ဖို့ မိဘ၊ ဆရာ၊ ကျောင်းသား တြိဂံဆက်ဆံ ရေး ညီညွတ်မျှတရန် လိုသည်ဆိုသော အချက်သည် ငြင်း ပယ်၍ မရစကောင်းသော အချက်ဖြစ်သည်။ ဆရာတစ်ယောက် ဒေသဝန်းကျင်တစ်ခုမှာ နေပျော်ဖို့ဆို တာ ကျောင်းသားမိဘဆိုသည့် အားကောင်းမောင်းသန် ဒေါက်တိုင်ကြီးများ လိုအပ်လှပေ သည်။

အားတန်ပြီထင်၍ မာန်ချီလာမိသော ပညာရေးဝန်ထမ်းကာလ တစ်လျှောက်လုံး ထိုအား ကောင်းသော ဒေါက်တိုင်မျိုးနှင့် မကြာခဏ ဆုံတွေ့ရ သည်မှာ ကျွန်မအတွက် ကျေနပ်နှစ်သိမ့်ဖွယ် ပန်းပုဆရာကောင်းတစ်ယောက်အဖြစ် မိမိကိုယ်ကို ကောင်းမွန်စွာ ထုမတ်နိုင်ခဲ့သည်ဟု ရင့်ရင့်ရဲရဲ ယုံ ကြည်ပါသည်။

ကျွန်မရဲ့ ‘ ပန်းများချစ်တဲ့ ကန္တာရနှင်း’ ဝတ္ထုကိုဖတ်ပြီး သင်လည်း တြိဂံ ဆက်ဆံရေးတွင် အား ကောင်းသော ဒေါက်တိုင်တစ်ခုအဖြစ် ပါဝင်ချင်သည့်ဆန္ဒမျိုး ဖြစ်ပေါ်လာသည်ဆိုပါလျှင် ကျွန်မ ဤ ဝတ္ထုကို ရေးရကျိုးနပ်ပြီလို့ ခံယူပါမည်။

**စာဖတ်ပရိသတ်ကို အစဉ်လေးစားလျက်**

**မိချမ်းဝေ**

*

# အခန်း - ၁

- အတန်းပိုင်ဆရာမ
- တောက နှင်းပန်းကလေး
- အတန်းဖော် သူငယ်ချင်း
- အပြင်ထွက်ကတ်ပြား ပျောက်ဆုံးမှု
- သစ်ပင်အောက်က စာသင်ခန်း
- ကျပ်စင်ပေါ်က ထမင်းဝိုင်း
- မိချောင်းခေါင်း၊ ဆွေမျိုးမေ့၊ ပက်လက်လန်

## အတန်းပိုင် ဆရာမ

ယနေ့ ငြိမ်းတုတ် ကျောင်းတက်ရတော့မည်။ ကျောင်းစတက်ရသောနေ့သည် ကလေးတစ် ယောက်၏ ဘဂစာမျက်နှာသစ် ပထမခြေလှမ်းဟုဆိုပါလျှင် ငြိမ်းတုတ်သည် ထိုပထမခြေလှမ်းကို နှစ်ခါလှမ်းခဲ့ရသူဖြစ်သည်။ အဆော့ကစားမက်လှသော ငြိမ်းတုတ်သည် ကျောင်းနေခြင်းကိစ္စကို စိတ်ပါဝင်စားခြင်း မရှိလှ။ နံနက်ခင်းမျက်စိနှစ်လုံးပွင့်သည်နှင့် အမေ့ဆိုင်ရှိရာ ကမ်းနားဈေးသို့ ပြေး ဆင်းသွားမည်။ အမေရောင်းသော ငါးမျှားချိတ်၊ ငါးဖမ်းပိုက်၊ ဖော့သီး စသော ငါးဖမ်းကိရိယာများကို သဘောကျ၍ တော့မဟုတ်၊ ကမ်းနားဈေးမှာ စုံလင်လှသော မုန့်ပဲသရေစာများကို

စိတ်ဝင်စား၍ ဖြစ် သည်။ မုန့်ဟင်းခါးစားမလား၊ အစုံသုပ်စားမလား၊ ကောက်ညှင်းပေါင်းစားမလား ငြိမ်းတုတ် ဂျီတိုက်သ လောက် ဖြည့်ဆည်းပေးဖို့ အမေ့မှာ အဆင်သင့်ပင်။

ဗိုက်ကားအောင် မုန့်စားပြီးလျှင်တော့ ကမ်းနားဈေးထဲတွင် ပြေပြေစင် လျှောက်သွားကာ ဆော့ တော့၏။ တစ်ယောက်ယောက် မြင်သွားလို့ကတော့ . . . . .

“ ဟဲ့ . . . . ဟဲ့ . . . . လှေပေါ်မှာ ဘယ်သူလဲ . . . . ငြိမ်းတုတ်၊ ဆင်းစမ်း အောက်ကို၊ စပ်စပ် စုစု လှေပေါ် ကလေးတက်ဆော့တာ မဲရှင်မ မကြိုက်ဘူးနော်”

သည်လိုအော်လိုက်ရင်တော့ ငြိမ်းတုတ် ငြိမ်ကုပ်ပြီး ဆင်းလာလေ့ရှိ၏။ တစ်ခါက လှေဦးမှာ နတ်ဆက်ထားသောပန်းကို ငြိမ်းတုတ် လက်ဆော့မိသဖြင့် ပဲ့နင်းကြီး ဖြုန်းခနဲရိုက်တာ ကျောကော့ အောင်ခံရဖူး၏။ မဲရှင်မ . . . . နာမည် အရုပ်ဆိုးလှသော ထိုမဲရှင်မဆိုသူကို ငြိမ်းတုတ် မမြင်ဖူးသေး။ သည်တုန်းက ငြိမ်း တုတ်ငိုသံ တဗြဲဗြဲက ကမ်းနားဈေးကို လှုပ်လှုပ်ခတ်ခတ်ဖြစ်စေ၏။ ပန်းကလေးတွေ လှလို့ ကိုင်ကြည့်တာများ ရိုက်စရာလားဟု ငြိမ်းတုတ် မကျေနပ်။ နောင်အခါသော် လှေပေါ်တက်သော် လည်း လှေဦးတိုင်ကို ယောင်လို့မှ မကိုင်တော့။

လှေပေါ်မဆော့ရသည့်နေ့ဆို ရေပြင်ဘက် အဆောင်ကလေး ထုတ်ထား သော “ နောင်ချက်စူ” ၏ လက်ဖက်ရည်ဆိုင်ကလေးမှာ သွားရှုပ်လေ့ရှိ၏။ အသား မည်းမည်း၊ ပါးစပ်ပြဲပြဲ၊ အသံကျယ်ကျယ်၊ စကားပြောလျှင် မကောင်းသည့် စကားလုံးတစ်လုံးကို ထည့်ထည့်ပြောလေ့ရှိသည့် လှေသားတွေကို တော့ ငြိမ်းတုတ် သဘောမကျလှပါ။ ရွာထဲမှ ယောကျ်ားအချို့ ထိုသို့ပြောလေ့ရှိသော်လည်း အဖေက ဘယ်တော့မှ ဒါမျိုးမပြောပါ။ ဒါမျိုးတွေပြောသော လူတွေကို အမေ ငြိမ်းတုတ်ကို ရိုက်သော နီးစည်းဖြင့် ရိုက်ချင်လှ၏။ ငြိမ်းတုတ် ငိုကြောရှည်နေလျှင်၊ ဘာမှမဟုတ် တာကလေးနှင့် ဂျစ်တိုက်နေလျှင်၊ ချော့နိုင်သည့် အင်အားကုန်လျှင် အမေ နီးစည်း ဖြင့် ရိုက်လေ့ရှိ၏။ နီးစည်းဖြင့်ရိုက်လျှင် စပ်လည်းစပ်၊ နာလည်းနာသဖြင့် ယခု နောက်ပိုင်း ငြိမ်းတုတ် နီးစည်းနားမရောက်အောင် နေတတ်လာသည်။

“ ငြိမ်းတုတ် . . . . ဒီနားကို လာခဲ့ ”

နားမလည်သော စကားဝိုင်းတွေကို ငေးမောနေတတ်သော ငြိမ်းတုတ် အဖို့ ထိုအသံသည် သာယာနာပျော်ဖွယ်အသံဖြစ်သည်။ ကွမ်းစားများသဖြင့် ကွမ်း ချေးတွေထူနေသော သွားအစုံကို အသား ကုန်ဖြဲကာရယ်နေသော နောင်ချက်စူက ငြိမ်းတုတ်ကို လှမ်းခေါ်လိုက်သံဖြစ်သည်။ သည်သံ ကြားလျှင် ပေါင်မုန့်နို့ဆီသုတ်စား ရတော့မှာ မလွဲပါ။ နောင်ချက်စူက အဖေ့မိတ်ဆွေလည်းဖြစ်သဖြင့် ငြိမ်းတုတ်လာ လျှင် တစ်ခုခုကျွေးဖို့ လက်မနှေးပါ။ ငြိမ်းတုတ်က ဗိုက်တင်းနေသဖြင့် ခေါင်းခါလိုက် လျှင် တော့ ယိုးဒယားဂေဖာနှစ်ခုကို ကမ်းပေးလေ့ရှိသည်။ ဂေဖာဆိုလျှင် မစားချင် သိမ်းထားလို့ ရသေး သဖြင့် ငြိမ်းတုတ်အကြိုက်ပင်။

စိတ်ဝင်စားစရာကုန်သွားလျှင် ‘ နောင်ချက်စူ ’ လက်ဖက်ရည်ဆိုင်မှ ဆင်းကာ ငါးလှေများပေါ်မှ သွန်ထိုးကျလာသော ငါးပုံတွေကြား ဟိုတိုး သည်ခွေ့ ရင်း နောက်ဆုံး ဒေါ်ကြီးမဆင့်နားမှာ ဂိတ်ဆုံး သွားတော့၏ ။ ဒေါ်ကြီးမဆင့်က သောင်ပြင်ပေါ်မှာ အုတ်ခဲတုံး ဖင်ခုထိုင်ကာ ငါးမန်းဖျက်လေ့ရှိ၏ ။ ငြိမ်း တုတ် တစ် ကိုယ်စာမကသော ငါးမန်းသည် ငြိမ်းတုတ်အာရုံများကို ညို့မြူအားကောင်းလှ၏ ။

ဒေါ်ကြီးမဆင့်သည် သောင်ပြင်စိုစိစိကို လက်ဖြင့် နှစ်ချက်သုံးချက် ယက်လိုက်၏ ။ ထွက်လာ သောရေကို လက်ခုပ်ဖြင့်ယူကာ ဓားသွေးကျောက်ပေါ် ဖျန်းလိုက်ပြီး လက်ထဲမှဓားကို ဆကာဆကာ သွေးနေပုံမှာ ငါးမန်းခေါင်းကိုကိုင်ကာ ဆူးတောင်ကိုပိုက်ပြီး လှီးဖြတ်လိုက်ပုံက သွက်လက်လျင်မြန် သလို ပညာသားပါ လှ၏ ။

ငါးမန်းအပေါ်ပိုင်း ဆူးတောင်၊ ပြီးလျှင် အောက်ဘက်ရေယက် . . . လှစ်ခနဲ . . . လှစ်ခနဲ . . . အဆီဝင်းနေသော ငါးမန်းသားပြင်ပေါ်မှ အရစ်ကြောင်း များသည် ငြိမ်းတုတ်အတွက် စိတ်ဝင်စားစရာ ကောင်းနေသည်။

ငါးမန်းတောင်နှင့် ရေယက်လိုသူများ၊ အသားလိုသူများ၊ အရေခွံလို

သူများ ဝန်းရံအုံခဲနေသော ငါးမန်းဖျက်ပွဲကို ရှေ့ဆုံးကအားပေးသူမှာ ငြိမ်းတုတ် ဖြစ်၏ ။

“ ဟဲ့ . . . ငြိမ်းတုတ် နောက်ဆုတ်လေ၊ မိသင်းကြူသမီးတော့ ဓားစာမိ တော့မယ်၊ ငါ့ဓားက ငါးမန်းအသား . . . လူအသား မရွေးဘူးနော်”

အာကျယ်သော ဒေါ်ကြီးမဆင့်ကိုတော့ ငြိမ်းတုတ်ရွံသည်။ မတော် သူ့ ဓားနှင့်တွက်လိုက်လျှင် သက်သာမည်မဟုတ်ပေ။ အမေ့နှီးစည်းထက် စပ်တာ၊ နာ တာ ပိုလိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ ဒေါ်ကြီးမဆင့် ငါးမန်းဖျက်တာကို ဆုံးအောင်ကြည့် ဖြစ်မြဲ။ သဲပြင်ကိုယက် လိုက်၊ ထွက်လာသည့်ရေကို လက်ခုပ်နှင့်သယ်ကာ ဓားသွေးကျောက်ပေါ် လောင်းလိုက်၊ ဓားကို တရှပ်ရှပ်သွေးလိုက်၊ ငါးမန်းအရေတွေ လှစ်ခနဲ . . . ခွာလိုက် . . . ငြိမ်းတုတ်ကြီးလာလျှင် ဒေါ်ကြီးမ ဆင့်လို ငါးမန်းဖျက်သမ ကြီး လုပ်မည်။ ငါးမန်းတွေကို ဓားထက်ထက်နဲ့ ဟောသည်လို . . . ဟော သည်လို . . . ။

ယနေ့တော့ ငြိမ်းတုတ် ကမ်းနားဈေးသို့ မဆင်းရတော့ပါ။ အမေက ဆိုင် ကို ဆိုင်နီးနားချင်းနှင့် အလုပ်လွှဲကာ တစ်မနက်လုံး ငြိမ်းတုတ်နှင့် အချိန်ကုန်နေ တော့သည်။ ငြိမ်းတုတ် ဘာစားမလဲ၊ ဘာ ဝတ်မလဲ၊ ခါတိုင်းနေ့တွေထက် ငြိမ်းတုတ် ကို ဂရုစိုက်နေတာကိုတော့ သဘောကျချင်စရာ ကောင်းလှ ၏ ။ သွားပွတ်တံဖြင့် ညီ ညီဆွဲထားသော သနပ်ခါးတွေကိုပင် ထပ်ညှိကာ စကား တတွတ်တွတ်မှာ၏ ။

“ ကျောင်းရောက်ရင် လိမ်လိမ်မာမာနေနော်၊ မျောက်ရှုံးအောင် ဆော့မ နေနဲ့။ အကျႌတစ်ထည် ကို နှစ်ရက် ဝတ်ရမယ်။ မနှစ်က ငယ်သေးလို့ ခွင့်လွှတ်ပေ မယ့် ဒီနှစ် ခွင့်မလွှတ်ဘူး။ မနှစ်ကအပ်တဲ့ ကုန်းစံကျောင်းမှာ မနေချင်တော့ဘူးဆိုလို့ အခု အထက်တန်းကျောင်းမှာ ငွေကုန်ကြေးကျခံပြီး အပ် ပေးတာ။ ဟိုရောက်လို့ ပြောစကား နားမထောင်ရင် ဆရာမ ရိုက်လိမ့်မယ်။ အိမ်ပြန်ပြေးလာရင် အမေ နှီး

စည်းနဲ့ ဆီးရိုက်မယ်။ ကမ်းနားဈေးလည်း ဆင်းမသွားရဘူး။ အဖြူ အစိမ်းနဲ့ ငြိမ်းတုတ် ဆင်းလာရင် ရိုက်လွှတ်လို့ ဒေါ်ကြီးမဆင့်ကို မှာထားတယ် ”

အမေက စိတ်ပူလက်ပူ တတွတ်တွတ်မှာနေသလောက် ငြိမ်းတုတ် ရယ်ချင်နေသည်။ မနှစ်က ငြိမ်းတုတ် ကျောင်းနေဖို့ အသက်မပြည့်သေးသည်နှင့် ကုန်စံမူလတန်းကျောင်းကလေးမှာ ကျောင်း ပျော်အပ်ဖို့ အမေ စီစဉ်သည်။ စာရင်းမဝင်လျှင်နေ၊ ကျောင်းယဉ်၊ စာတတ်နေလျှင် တော်ပြီ ရည်ရွယ် ချက်ဖြင့် ငြိမ်းတုတ်ကို ကျောင်းအပ်ရန် စီစဉ်ခြင်းဖြစ်သည်။

ကုန်းစံမူလတန်းကျောင်းကလေးက ငြိမ်းတုတ်တို့ ကမ်းသာယာရွာကလေးမှ ကလေးတွေ အနေများသော ကျောင်းဖြစ်သည်။ အိမ်နီးနားချင်း ကလေးများလည်း ထိုကျောင်းမှာပင် လွယ်လွယ် အပ်ကြ၏ ။ အမေလည်း အိမ်နှင့် သွားရေးလာရေး လွယ်ကူသော ကုန်စံကျောင်းကလေးကိုပင် ငြိမ်းတုတ်အတွက် ရွေးချယ်ပေးခဲ့၏ ။

ကျောင်းရောက်တော့ ကျောင်းအပ်လက်ခံသော အခန်းတွင် ကလေးတွေ ငိုနေသည်မှာ ငြိမ်းတုတ် စိတ်ကိုရှုပ်ထွေးစေသည်။ အော်ငိုကြ၊ အမေတွေ၊ အဘွားတွေ၏ ထဘီစကို တင်းတင်းဆုပ် ကာ စာသင်ခန်းထဲဝင်ဖို့ ငြင်းဆန်ကြ၊ ထားရစ်ခဲ့ကာ အိမ်ပြန်သွားသော အမေတွေနောက် အာကုန်ဖြဲ အော်လျက် ပြေးလိုက်သွားကြ၊ သူတို့ ဘာဖြစ်လို့ သည်လိုလုပ်ကြတာလဲ၊ ငြိမ်းတုတ်နားမလည်နိုင်။

အမေက ဘယ်လိုလဲဆိုသော မျက်နှာထားဖြင့် ငြိမ်းတုတ်ကို လှမ်းမေးတော့ ငြိမ်းတုတ်မှာ မှင် သေသေဖြင့် ခပ်တည်တည်။ သူတို့လို မငိုပါဆိုသည့် သဘော။ ငြိမ်းတုတ် မငိုချင်သော်လည်း မျက်နှာ ပြုံပြုံ၊ ဆံပင်ဖြူ ကျိုးကျဲကျဲ ထိပ်မှာ ဆံထုံးသေးသေးထုံးထားသော ဆရာမကြီးကိုတော့ သဘောမကျ လှပါ။ အမေက အဲဒါ . . . ဆရာမကြီး နော်ရှီးလာတဲ့။ အမေနဲ့ သိဟောင်းကျွမ်းဟောင်းတွေဖြစ်လို့ အသက်မပြည့်သေးသော ငြိမ်းတုတ်ကို ကျောင်းပျော် လက်ခံမှာတဲ့ . . . .။

“ ပြုန်း”

စားပွဲပေါ်ကို အရှိန်ပြင်းပြင်းကျလာသော ဆရာမကြီး နော်ရှီးလာ၏ ကြိမ်သံက ငြိမ်းတုတ်ကိုယ် ကလေးကို တွန့်ခနဲ ဖြစ်သွားစေသည်။ တုတ်ကလည်း အမေ့နှီးစည်းလိုမဟုတ်၊ ကြိမ်တုတ်ကြီးကြီးမို့ အသံကျယ်လှ၏ ။ ရိုက်ချလိုက်လျှင် မလွယ်။ ငိုနေသော ကလေးတွေ မီးကို ရေနှင့်ငြိမ်းသလို ချက်ချင်း အသံတိတ်သွားသည်။

“ ကလေးအမေတွေ သံယောဇဉ် ငင်မနေနဲ့၊ ကလေးထားပြီး ကျောင်းထဲက မြန်မြန်ထွက်ကြ ပါ”

အလိုလေး . . . ဆရာမကြီးက လူဂသလောက် အသံကျယ်လှပါလား။ အမေ အပါအဝင် အမေတွေ အတော်များများ ပြန်သွားကြသည်။ ကလေးတွေကို တော့ အခန်းတစ်ခုထဲ ထည့်ထားသည် မို့ ရှိုက်သည့်ကလေးက ရှိုက်နေဆဲ။ အနားမှ ကောင်လေးတစ်ယောက် ခါလိုက်သေ နှပ်ချေးချွဲချွဲတွေ က ငြိမ်းတုတ် ကျောင်းစိမ်း ဂါဝန်အသစ်ကလေးမှာ လာပေသည်။

“ ဟဲ့ . . . နင့်နှပ်တွေ ပြန်သုတ်ပေး ”

ကောင်လေးက ပြူးကြောင်ကြောင်နှင့် သူပဲ မလုပ်သလို ကြည့်နေတော့ . . . ကဲဟယ် . . . ကဲဟယ် . . . ကဲဟယ် . . .

ငြိမ်းတုတ် . . . တဲ့။ ကမ်းနားဈေးမှာ ဗိုလ်လုပ်လာသည့် ငြိမ်းတုတ် လက်မြန်မြန်နှင့် ထို ကလေးကို ဆွဲကုတ်တော့ ထိုကလေးငိုသံ ခန်းလုံးညံနေတော့သည်။ ငြိမ်းတုတ် မျက်စိထဲ စားပွဲပေါ်က ကြိမ်တုတ်တုတ်ကြီးကို လှမ်းမြင်ကာ ဆရာမကြီးမလာခင် ကျောင်းမှထွက်ခဲ့တော့၏ ။

နှပ်ပေနေသည့် ဂါဝန်ကလေးကို လမ်းမှ သစ်ရွက်ကလေး ခူးကာ သုတ်သင်ပြီးနောက် ဘယ် သွားရမှန်းမသိ ယောင်ချာချာနှင့် ကမ်းနားဈေးဆီ ဆင်းချ သွားသည်။ အမေများ ဆိုင်ကိုရောက်နေပြီ လား။ တော်ပါသေးရဲ့၊ ဆိုင်ရောက်တော့

အမေကမရှိ။ ပစ္စည်းဟောင်းတွေထားသော ဈေးဆိုင်ခုံ အောက်အံကလေးထဲမှာ ဝင်အိပ်နေလိုက်သည်။ ညနေ အမေဈေးသိမ်းချိန် ပစ္စည်းထည့်ဖို့လုပ်တော့ အမှိုက်ထုပ်နှင့် ရောနေသော ငြိမ်းတုတ်ကို တွေ့ရသည်။

“ အလိုလေး . . . . ငြိမ်းတုတ်ရယ် ”

အမေ အတော်လန့်သွားရှာသည်။ ပေတူးနေသော ငြိမ်းတုတ်ကို အိမ်ပြန်ရေမိုး ချိုးပေးသော် လည်း ထိုနေ့က အမေ ငြိမ်းတုတ်ကို မရိုက်ပါ။

နောက်တစ်နေ့ . . . နောက်တစ်နေ့ စာမသင်ချင်သော ငြိမ်းတုတ်ကျောင်းမှာ တစ်မျိုးပြီးတစ် မျိုး ပြဿနာရှာကာ ပြန်ပြန်ပြေးလာသည်မှာ အကြိမ်ကြိမ်။ နောက်ဆုံး ဆရာမကြီးရော အမေပါ လက် မြှောက်ရတော့၏ ။

“ ကလေးက ငယ်ပါသေးတယ်ကွာ . . . အသက်မပြည့်သေးတော့ နေပါစေဦး၊ သူ သင်ချင် တဲ့ အချိန်သင်မှ ကလေး စာတတ်မြန်မှာပေါ့ ”

ဒါက အဖေ့သဘောထားဖြစ်သည်။ အဖေ့ကို ခန်းဆီးလိုက်ကာကြားမှ ငြိမ်းတုတ် ပြုံးပြလိုက် သည်။ အဖေက အမေမမြင်အောင် ငြိမ်းတုတ်ကို လက်သီး လှမ်းပြ၏ ။

သည်လိုနှင့် ထိုနှစ်တစ်နှစ်လုံး ကျောင်းမတက်ဘဲ ငြိမ်းတုတ် ကြမ်းပိုး ထိုးခွင့် ရသွားတော့ သည်။ အဖေနှင့်အမေ လစ်လျှင် အိမ်အနောက်ဘက် ကျပ်စင်လှေကားမှဆင်း၍ ပင်လယ်ရေဆင်းကူး ခြင်းကို နှစ်နှစ်ခြိုက်ခြိုက် ပြုမူလာသည်။ တကယ်တော့ ငြိမ်းတုတ် ရေမကူးတတ်သေးပါ။ ကျပ်စင်တိုင် ကို တွယ်ကာ ခြေဖြင့်ဆင်းယက်ခြင်းဖြစ်၏ ။ ငြိမ်းတုတ် ထိုအလုပ်ကို လုပ်နေသည်မှာ အတော်ကြာ သည်အထိ လူကြီးတွေမသိကြ။ တကယ်သိတော့ အမေ့မှာ ရင်ဘတ်စည်တီးကိုဖြစ်လို့။

“ ငြိမ်းတုတ်တစ်ယောက်တော့လေ လက်လန်တယ်ဟေ့၊ မနိုင်ဘူး။ နောင်နှစ်တော့ ကျောင်း ကိုရောက်အောင်ပို့မှ”

“ နေဘူး . . . နေဘူး . . . မျက်နှာကြီးကြီး၊ ဆံထုံးသေးသေး ဆရာမကြီးနဲ့ နေဘူး ”

ငြိမ်းတုတ် ပုန်ကန်သံ အဖေနှင့်အမေကို ခေါင်းချင်းဆိုင်စေသည်။

“ အိမ်နဲ့ နည်းနည်းလှမ်းပေမယ့် အထက်တန်းကျောင်းအပ်တော့ ငါး တန်း၊ ဆယ်တန်း အထိ တောက်လျှောက် ကောင်းသွားတာပေ့ါ။ ကျောင်းကကြီး တော့ အပန်းကြီးတယ်။ ကျောင်းအပ်ကိစ္စ ငါ အဆက်အသွယ် ရှာပါဦးမယ်ကွာ”

ငြိမ်းတုတ်ကျောင်းအပ်နှံရေးသည် အိမ်မှာ အရေးအခင်းတစ်ခုဖြစ်သည်။ ငြိမ်းတုတ် အဖေက မလှမ်းမကမ်း လေ့ဒေါက်တပ်စခန်းမှာ လူကြီးဆိုတော့ ရပ်မိရပ်ဖတွေနှင့် နီးနွှယ်မှုရှိသည်။ ထိုအဆက် နှင့်ပင် ငြိမ်းတုတ် ကျောင်းအပ်နှံ ခြင်းကိစ္စ ပြီးရ၏ ။

သည်နေ့တော့ ငြိမ်းတုတ်ကို အဖေကိုယ်တိုင် ကျောင်းကိုပို့မည် ဖြစ်သည်။ ခရီးက အတန်လှမ်း သဖြင့် အဖေ့ ဖွတ်ချက် ဖွတ်ချက် ဆိုင်ကယ်ကလေး နောက်မှပါလာရင်း အ.ထ.က ကျောင်းကြီးဆိုတာ ဘယ်လိုကျောင်းမျိုးပါလိမ့်ဟု ငြိမ်းတုတ် တွေးနေမိသည်။

ဟားရေး . . . . .

ကျောင်းဝင်းအတွင်း ဆိုင်ကယ်ကွေ့ဝင်လိုက်သည်နှင့် နေခြည်အောက် တွင် ထင်လင်းနေ သော ကျောင်းမြင်ကွင်းက ငြိမ်းတုတ်ကို တစ်စုံတစ်ရာ မြည်တမ်း စေသည်။

“ ဟားရေး . . . ကျောင်းကြီးက ကြီးစမားဂေး . . . ”

ငြိမ်းတုတ် အာလုပ်သံကို ကြားတော့ အဖေ ပြုံးသည်။ သူ့သမီး စကား ကြီး စကားကျယ်ပြော လျှင် အဖေ ထိုသို့ ပြုံးလေ့ရှိ၏ ။ သည်ကျောင်းကို သူ့သမီး သဘောကျတန်ကောင်းပါရဲ့။

ရောင်စုံပန်းခင်းတွေကြားက မြင့်မားခန့်ထည်သော အဆောက်အအုံကြီး၊ နိုင်ငံတော် အလံအောက်မှ တလူလူလွင့်နေသော ဝါ၊ စိမ်း၊ နီ၊ ပြာ အလံလေးတွေရဲ့ လှုပ်ရှားမှု၊ ဆိုင်ကယ်ပေါ်မှ ဆင်းကာ ကျောင်းခန်းတွေ့ရှေ့မှဖြတ်တော့ အဆောက်အအုံရဲ့အပဟန့်က ငြိမ်းတုတ်ကို ငြိမ်ကုပ် ငြိမ်သက်စေလေသည်။

ကုန်းစံမူလတန်းကျောင်းကလေးမှ ခနိမိုး ကျူထရံကာ ကျောင်းခန်းတွေနှင့် အကွာကြီးကွာဟ နေသော ကျောင်းခန်း၊ အဆင်အပြင်က ငြိမ်းတုတ်ကို မိန်းမောစေသည်။

စာသင်ခန်းတစ်ခုရှေ့ရောက်သည့်အထိ အဖေဦးဆောင်ရာ နောက်မှာ ငြိမ်းတုတ်တစ်ယောက် ဣန္ဒြေရရ။ အလို ..... ဒီကျောင်းမှာ ဘယ်သူမှ အာခေါင်ခြစ်ပြီး အော်မငိုကြပါလား။ မျက်ရည်ထွက် သည့်ကလေး၊ နှပ်ထွက်သည့် ကလေးမရှိ။ သူ့အကျႌသစ်လည်း နှပ်ပေစရာ မလိုတော့ပေ။

“ ဟောဒါ ..... သမီးကို စာသင်ပေးမယ့် ဆရာမ၊ မှတ်ထားနော်။ သမီးရဲ့ အတန်းပိုင် ဆရာမပေါ့”

အဖေပြောလိုက်တော့ ငြိမ်းတုတ်လည်း အတန်းပိုင်ဆရာမဆိုတာကို ကြည့်ပြီး အံ့အားသင့်လို့။ ဟင် .... ဆရာမဆိုတာ ကုန်းစံကျောင်းက ဆရာမကြီးလို မျက်နှာကြီးကြီး၊ ဆံထုံးသေးသေးနဲ့ အဘွားကြီး မဟုတ်ဘူးလား။အတန်းပိုင် ဆရာမကိုတော့ ငြိမ်းတုတ် ကြိုက်သွားပြီ။

ဆရာမက မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းစုစု၊ ဆံထုံးလှလှလေးမှာ ပန်းလှလှလေးလိုပန်လို့။ အကျႌအဖြူလက်ရှည်၊ ထဘီအစိမ်း၊ အလို ..... ဆရာမ ရင်ဘတ်မှာ ရင်ထိုးအရုပ်ကလေးက လိပ်က လေးပါလား။ ငြိမ်းတုတ် လိပ်ကလေးကို ချစ်သည်။ တစ်ခါက ကမ်းနားဈေးမှာလှေသားတစ်ယောက်က

လိပ်အရှင်ကလေးတစ်ကောင် ပေးသဖြင့် ငြိမ်းတုတ် ပျော်ခဲ့ဖူးသည်။ ပင်လယ်လိပ်က ကုန်းပေါ်မှာ မပျော်ထင်ပါရဲ့။ အိမ်ရောက်ပြီး တစ်ပတ်မျှအကြာ

လိပ်ကလေး သေသွားတော့ ငြိမ်းတုတ်မှာ တငိုငို ဖြစ်ရသေး၏ ။

“ လာပါဦး ကလေးရဲ့၊ သမီးနာမည်က ငြိမ်းတုတ်တဲ့လား။ အော် ... ဒီ ဝင်ခွင့်ပုံစံမှာ ဖြည့်ထား တာ ရှင်ငြိမ်းတုတ်တဲ့။ သမီး ဂလုံးကလေးတွေ ရေးတတ်ပြီ လား

ငြိမ်းတုတ် ခေါင်းကို သွက်သွက်ခါခါအောင် ယမ်းလိုက်သည်။ ငြိမ်းတုတ် ဂလုံးတောင် မရေး

တတ်သေးပါ။

“ ဒီလို ဆရာမရဲ့ ......”

အဖေက ငြိမ်းတုတ်အကြောင်းတွေ ဆရာမကို ပြောပြနေတာမှ အရှည် ကြီး။ ကုန်းစံကျောင်း ကလေးမှာ ငြိမ်းတုတ် သောင်းကျန်းသည့် အကြောင်းများ လည်းပါသည်။ ကျောင်းပျော် မနေဖြစ် သဖြစ် ငြိမ်းတုတ် စာမရေးတတ်သည့် အကြောင်းများလည်းပါသည်။

“ ... အဲဒါ ဆရာမရယ်၊ သမီးကို ဆရာမလက်အပ်ပါတယ်။ သေသေချာချာ သင်ကြားပေးပါနော်။ နောက်ပြီး ဆရာမကို တစ်ခုပြောထားရဦး မယ်။ သူ့ရဲ့ ဉာဉ်ဆိုးကလေးကို ဆရာမ ကြိုသိထားတော့ ကောင်းတာပေါ့။ သူက ...... ”

ဒုက္ခပါပဲ အဖေကလည်း ဘာလို့များ ငြိမ်းတုတ် မကောင်းကြောင်းတွေ အခုမှတွေ့တဲ့ဆရာမကို ပြောပြနေရတာ လဲ မသိဘူး။ ဆရာမကို အားနားစရာ .....။

“ ကိစ္စမရှိပါဘူး။ ဒီအတန်းထဲမှာရှိတဲ့ ကလေးတွေအားလုံး စာရေးတတ် ပြီးသား ကလေးတွေ မဟုတ်ပါဘူး။ သူ့လိုပဲ မတတ်သူတွေလည်း ပါဦးမှာပါ။ တတ် ပြီးသားသူရော၊ မတတ်သေးသူပါ အားလုံး တတ်အောင် သင်ပေးဖို့က ကျွန်မတာဝန် ပါ။ အခြား ယဉ်ကျေးလိမ္မာဖို့လည်း တဖြည်းဖြည်း သင်သွားရမှာပေ့ါ၊ စိတ်ချပါ ....

စိတ်ချပြီး ကလေးကို ထားခဲ့ပါ ”

အဖေပြန်သွားတော့ ဆရာမက ငြိမ်းတုတ်ကို ရှေ့ဆုံးတန်းမှာ နေရာတစ်နေရာပေးသည်။ ငြိမ်းတုတ်နေရာက ဆရာမကို အနီးကပ်မြင်ရသည့် နေရာပါ။ ဆရာမလေးကို သဘောကျတာနှင့် သည်နေ့ ကျောင်းစတက်သည့်နေ့မှာ အစွမ်းပြချင်လှသော ငြိမ်းတုတ်တစ်ယောက် ထိုအစီအစဉ်ကို လက်လွှတ်လိုက်လေ၏ ။ ကျောင်းနှင့် အနီးဆုံး အဖေ့လှေဒေါက်စခန်းထဲ ကျောင်းပြေးပြီး သွားပုန်းမည့် အစီအစဉ်ကို ဆရာမလေး သနားသည်နှင့် မလုပ်ဖြစ်တော့ပါ။

အတော်လေးကြာတော့ ဆရာမက စာရေးကြမည်ဆိုတော့ အခြားကျောင်းသားတွေ စာအုပ် နှင့်ခဲတံ ထုတ်ကြသည့်။ ဆရာမက ကျောက်သင်ပုန်းကြီးပေါ်မှာ ဂလုံးဝိုင်းဝိုင်းကြီးတွေ ရေးပြပြီး လိုက်ရေးစေသည်။ ငြိမ်းတုတ်သည် စာအုပ်နှင့်ခဲ့တံကိုကိုင်ကာ ငိုင်နေလေ၏ ။

“ သမီးလေး ငြိမ်းတုတ် ဆရာမဆီ လာပါဦး”

ဆရာမ ခေါ်သဖြင့် ငြိမ်းတုတ်ရောက်သွားတော့ ဆရာမက .....

“ သမီး ဂလုံးမရေးတတ်သေးဘူး မဟုတ်လား။ ဆရာမ သင်ပေးမယ်နော်။ ဒီစာအုပ်နဲ့ ခဲတံ လွယ်အိပ်ထဲ ခဏသိမ်းထားလိုက်ပါဦး ”

ဆရာမသည် အခန်းထောင့်မှ ဗီရိုဆီသွားကာ သော့ဖွင့်လျက် အတွင်းမှ ကျောက်သင်ပုန်းနှင့် ကျောက်တံကိုထုတ်ယူလာလျက် ငြိမ်းတုတ်ကို လှမ်းပေးလေသည်။

“ နောက်မှ စာအုပ်နဲ့ ရေးရအောင်နော်။ အခုတော့ ဆရာမတို့ ကျောက်သင်ပုန်းနဲ့ စကြတာ ပေါ့။ ကျောက်သင်ပုန်းကို ဒီလိုကိုင်၊ ဘယ်ဘက်လက်က ဘောင်တွေကို ဖိထား၊ညာလက်ကကျောက်

တံကို ဒီလို ..... မဟုတ်သေးဘူး ကလေးရဲ့။ လက်ငါးချောင်းထဲက

လက်ခလယ်ပေါ်မှာ ကျောက်တံကို ဒီလိုလေး တင်ရတယ်။ လက်ခလယ်ပေါ်မှာတင် ပြီး ကျန်တဲ့လက်ချောင်းတွေနဲ့ တင်းတင်းဆုပ်၊ အသာလေး ….. အသာလေး ….. ဆရာမဆွဲသလို ဆွဲတဲ့နောက်ပါအောင်လိုက် …. ပါးစပ်ကလည်းဆို …. ဟောဒါ ဂလုံးကလေး ….. ဟောဒါ ဂလုံးကလေး….”

ငြိမ်းတုတ်ရဲ့ လက်သေးသေးလေးအပေါ် အုပ်ကျလာသည့် ဆရာမ လက်ရဲ့ အနွေးဓာတ်က ငြိမ်းတုတ်ကိုယ်ထဲ ခွန်အားတစ်ခု စီးဆင်းနေသလို။

ဆရာမ လက်ကလေးက နွေးနွေးလေးပါလား။ ငြိမ်းတုတ်သည် ခေါင်း ကလေးစောင်းကာ ဆရာမလက်ဆွဲရာသို့ အလိုက်သင့်လိုက်ရင်း ခေါင်းကလေးကို ဆရာမရင်ခွင်ထဲသို့ မှီချလိုက်လေ သည်။

အလို …. ဆရာမအနံ့က သင်းသင်းလေး။ အမေ့အနံ့နဲ့ မတူတာသေချာ တယ်။ကမ်းနားဈေးနား က ဒေါ်ကြီးမဆင့်အနံ့နဲ့ ပိုတောင် မတူသေး။ ဆရာမလေး က ရုပ်လည်းချော၊ သဘောကလည်း ကောင်း၊ ငြိမ်းတုတ် အတန်းပိုင် ဆရာမကို ကြိုက်သွားပြီ။

*

## တောက နှင်းပန်းကလေး

အိမ်ပြန်လာသော ငြိမ်းတုတ်သည် အမေ့အတွက် စကားလက်ဆောင်၊ ကဗျာလက်ဆောင် များ ကိုသယ်ဆောင်လာလေသည်။ တစ်နေ့တာအတွက် ငြိမ်းတုတ်ဆီမှ အတွေ့အကြုံ ထိုလောက်များများ ပါလာမည်ဟု အမေ မထင်မိခဲ့။

" သိလား အမေ ... ဆရာမလေးကလေ .... "

အမေ့မှာ ငြိမ်းတုတ်စကားကို တလေးတစား နားထောင်ရ၏ ။ ကျေးဇူးကြီးလှသောဆရာမလေး ကို လှမ်းပြီး ကြည်ညိုရသေး၏ ။ တစ်နေ့တည်းနှင့် ငြိမ်းတုတ်အာရုံများကို ညှို့ယူနိုင်သော ဆရာမလေး ၏ အရည်အချင်းကို မလေးစားဘဲ မနေနိုင်။အမေ့သမီး ငြိမ်းတုတ်အကြောင်း အမေအသိမဟုတ်လား။

"စာသင်ရတာ မောပြီ

အပန်းဖြေတော့မည်

မျက်လုံးကလေးကို မှိတ်လို့

သည်လို အိပ်တော့မည် ...

ခလော ... ခလော ... ခလော

ခလော ... ခလော ... ခလော ...."

အမေ ဟက်ဟက်ပက်ပက် ရယ်မိလေသည်။ ငြိမ်းတုတ်၏ အသံနှင့် ဟန်က ရယ်ချင်စဖွယ် ကောင်းလှ၏ ။

“ ခလော .... ခလောဆိုတော့ သမီးတို့ တကယ်အိပ်ပျော်သွားရောလား”

“ အိပ်ပျော်တာပေါ့၊ သမီးအနားက ဖက်တီးဆိုရင် အိပ်ပျော်သွားတာ အာပုပ်တွေတောင် ရွှဲလို့။အတော်လေးကြာလို့ အားလုံးနိုးလာပြီး စာဆက်သင်တော့ နောက်ဆုံးတန်းက ကောင်မလေးတစ်ယောက်ဆိုရင် အိပ်ရေးမဝလို့ ငိုတောင်ငိုတယ် ”

“ ဒီတော့ .... ဆရာမက ရိုက်ရောလား ”

“ မရိုက်ပါဘူး အမေရဲ့၊ ဆရာမက ချောလိုက်တော့ သူ့အိမ်မဟုတ်ဘူးဆိုတာ သတိရသွားတာပေါ့ ဒါနဲ့ ဆက်မငိုတော့ဘူး။”

“ တွေ့လား ဒီမှာ သမီးရေးထားတဲ့ ဂလုံးတွေ . . .။ ဆရာမက သမီးလက်ကလေး ကို အပေါ်ကနေအုပ်ပြီး ဒီလို . . . ဒီလို . . . ”

အမေက ငြိမ်းတုတ်အဖြစ်ကို သဘောတွေကျနေတယ်။ တစ်ရက်တည်းနှင့် သူ့သမီး အရည်ပျော်သွားသည့်ကိစ္စ . . .။

“ ဆရာမလေးနာမည်က ဆန်းတယ်အမေ . . . ဒေါ်နှင်း . . . နှင်း . . . အရေးထဲ မေ့ သွားပြန်ပြီ။ ဟိုဥစ္စာ ဒေါ်နှင်းပန်းမြိုင်တဲ့ အမေ။ နှင်းဆိုတာလည်း သမီးသိတယ်။ ပန်းဆိုတာ လည်း သမီးသိတယ်။ မြိုင်ဆိုတာက ဘာလဲ မသိဘူးနော်။ ”

အမေက ခဏစဉ်းစားလိုက်ပြီး . . .

“ မြိုင်ဆိုတာ တောကို ပြောတာနေမှာပေါ့ သမီးရဲ့။ တောက နှင်းပန်းကလေးပေါ့ ”

“ တောကနှင်းပန်းကလေး . . . ဟေး . . . ကောင်းတယ်။ ကောင်းတယ်။ တောက နှင်းပန်းကလေးက တောသူနဲ့တော့ မတူဘူး အမေရဲ့ . . .၊ ရွာထဲကတွေနဲ့ လည်းမတူဘူး။ ဟိုသင်း အဖေ . . . အဖေ . . . စကားပြောတဲ့ အသံမျိုး”

“ အမေသိပြီ၊ အဲဒါ အထက်အသံပေါ့။ အထက်ဆိုတာ ဟိုး . . . မော်လ

မြိုင်တို့၊ ရန်ကုန်တို့၊ မန္တလေးတို့ဘက်က လူတွေ စကားပြောတဲ့ လေယူလေသိမ်း အသံ။ သမီး အဖေက မော်လမြိုင်ဘက်ကဆိုတော့ ဆရာမလေးအသံနဲ့ တူနေမှာ ပေါ့။ ဆရာမလေးက အထက်မြို့ ကလာသူ ဖြစ်ရမယ် ”

ထိုညက အိမ်စာပေးလိုက်သဖြင့် ကျောက်သင်ပုန်းနှစ်ဖက်အပြည့် ဂလုံး တွေ ကုန်းရေး နေသော ငြိမ်းတုတ်ကို အမေ ခေါင်းတညိတ်ညိတ်နှင့် ကြည့်နေသည်။

နောက်တစ်နေ့နံနက် ဘယ်သူမှမနှိုးရဘဲ နိုးကာ ကျောင်းတက်ဖို့ တက်တက်ကြွကြွပြင် ဆင်နေသော ငြိမ်းတုတ်ကို အဖေကလည်း သဘောကျ နေသည်။ အမေက ငြိမ်းတုတ်အခြေအနေ ပြောတော့ အဖေကရယ်သည်။

“ အေးကွဲ့ . . . ဆရာမလေးမှာ ဓာတ်တစ်မျိုးရှိရမယ်။ ညှို့ဓာတ်တစ်မျိုး ပေါ့။ ဆရာမကြီး နော်ရှီးလာကို ကြိမ်မကိုင်ဘဲ ကလေးတွေကို စည်းရုံးသိမ်းသွင်းနိုင် တဲ့ ညှို့ဓာတ်ပေါ့။ ဆရာမလေးရဲ့ ရုပ်ရည်ကို ထားပါဦး၊ လေသံ ဟန်ပန်က ကလေး တွေရဲ့ စိတ်အာရုံကို ဆွဲဆောင်နိုင်စွမ်းတာ သေချာတယ်။ အေးကွာ . . . ကျောင်းက နေ ပြန်ပြန်ပြေးတဲ့ သမီးအ ကျင့်ဆိုး ပျောက်သွားတာပဲ ကျေးဇူးတင်ရမယ်။ ကျန် တာတွေက ဒုတိယပေါ့။ ”

တဖြည်းဖြည်းနှင့် ငြိမ်းတုတ် ကျောင်းသူမကြီးကိုဂိုက် ဖမ်းလာသည်။ အတန်းပိုင် ဆရာမကို ချစ်တော့ ကျောင်းကို ချစ်လာသည်။ ကျောင်းကိုချစ်တော့ စာ ကိုမင်လာသည်။ စာ ကျက်စာရေးဖို့ မတိုက်တွန်းရဘဲ သူ့အလိုအလျောက်လုပ်လာ သည်။ အိမ်ကလေးထဲမှာ ငြိမ်းတုတ် စာအံသံတွေ ညံစာလာသည်။

“ တာတီပိုးရေ . . . နင်က အတော်ပျင်းတဲ့ကောင်ပဲ။ တစ်ချိန်လုံး အိပ် ချည်းနေတာပါလား။ နိုး လာတော့ ထစား၊ ပြန်အိပ် . . . . ငါ့လို စာလေး ဘာလေး ကျက်ပါတော့လား။ စောစောအိပ်ထ ပြုကျင့်က တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း ရှောင်ခွာသိမ်း၊ ကင်းငြိမ်းလွန်ကျန်းမာ . . . တဲ့။ အဲဒါတွေ နင်မသိဘူးမဟုတ်လား။

အေးလေ . . . . နင့်မှာ ဆရာမ မရှိဘဲဟာကိုး။ ငါတို့ ဆရာမဟာလေ . . .”

အိမ်မှာမွေးထားသော ကြောင်ကြီး တာတီပိုးနှင့် ငြိမ်းတုတ် သည်လို စကားပြောနေလျှင် အမေသည် မီးဖိုထဲမှ ပြုံးနေလေ့ရှိသည်။

ကျောင်းသွားခါနီး သနပ်ခါး ညီညီလိမ်း၊ ကျောင်းစိမ်းဂါဝန်ဝတ်၊ ကြက်တောင်စည်းကလေး စည်းပြီး သူ့အဖေ ဆိုင်ကယ်ပေါ် တက်ခါနီး လျှင်တော့ အမေ့ကို လှမ်းပြီး ပူဆာလေ့ရှိသည်။

“ အမေရေ . . . တောကနှင်းပန်းကလေးအတွက် အရီးတင်ခြံက နှင်းဆီ တစ်ပွင့်လောက် ဝယ် ပေးလိုက်ပါဦး ”

*

## အတန်းဖော် သူငယ်ချင်း

နေ့လယ် နေ့ခင်း ထမင်းစားကျောင်းလွှတ်ချိန်သည် ငြိမ်းတုတ်အတွက် စိတ်ဝင်စားဖွယ်အတိ ပြီးလေသည်။ အထက်တန်းကျောင်းသည် အတန်ငယ် ဝေး သဖြင့် ကလေးတိုင်း ထမင်းချိုင့်၊ ထမင်းဘူး ပါကြ၏ ။ ဆရာမမှာလည်း ထမင်းချိုင့် နှင့်ပင်။

ဆရာမသည် စာသင်ခုံနှစ်လုံးကိုဆက်ကာ ထမင်းစားပွဲအဖြစ် ဖန်တီး လိုက်၏ ။ ပြီးလျှင် ထမင်းစားမည့် ကလေးများကို တန်းလျက် ထိုင်စေသည်။ ထမင်း မစားမီ ဆရာမ သင်ပေးထားသော ကဗျာလေးကို ရွတ်ရသေး၏ ။

‘ သူငယ်ချင်း အချင်းချင်း

လုမစားရပါ

တောင်းမစားရပါ

မျှော်မစားရပါ

တစ်ဦးမှာရှိတာ တစ်ဦးကို မျှဝေပါ

ဒါမှ အသက်ရှည် ကျန်းမာမှာ . . . ’

ကဗျာဆိုပြီးသည်နှင့် ဆရာမသည် ထမင်းဘူးထဲမှပါသော ဟင်းများကို စစ်ဆေး၏ ။ အကြော် ပါသူက အရည်ပါသူထံ မျှပေး၏ ။ အသားဟင်းပါသူက ငါး ဟင်းပါသူကို မျှပေး၏ ။

အိမ်မှ နွမ်းပါးသဖြင့် ငါးသယ်သီကင်လောက်သာ ထည့်ပေးနိုင်သော ကလေးကို အခြားအ ကြော်အလှော်များဖြင့် ဖလှယ်ကျွေးသည်။ ထိုသို့ ပြုလုပ်ပေး ခြင်းဖြင့် ကလေးတွေ အာဟာရ စုံစုံလင် လင်စားရ၏ ။ အိမ်မှ ထည့်ပေးလိုက်သော ဟင်းဖြင့် ခံတွင်းမတွေ့သူမျာ း အခြားသူများဟင်းဖြင့် အာသာပြေနိုင်သည်။

" ထမင်းစားရင် ကြာကြာဝါး၊ ညက်ညက်ဝါး၊ ပါးစပ်ထဲမှာ ထမင်း လုတ် ကြီးနဲ့ စကားမပြောရ ဘူး၊ ပျတ်ပျတ်မြည်အောင် မစားရဘူး။ ဟင်းချိုသောက်ရင် ရှူးခနဲ အသံမမြည်စေနဲ့ "

ငြိမ်းတုတ်သည် ကျောင်းမှာစုစားရသော ထမင်းဝိုင်း၌ ထမင်းပိုမြိန်လေ သည်။ ထားထားဦးတို့ အိမ်မှာ မှျစ်သနပ်ကို ငြိမ်းတုံ အလွန်ကြိုက်၏ ။ အမေက အိမ် မှာ မှျစ်သနပ် ဘယ်တော့မှ မလုပ်ကျွေး ချေ။ ကြည်ပြာလွင်ကတော့ ငြိမ်းတုတ် ထမင်းဘူးထဲမှ ငါးဘာသီပြုတ် ဝါဝါကလေးတွေကို နှစ်သက် သတဲ့။ ဇော်ခိုင်ဦးတို့ အိမ်ကတော့ ဝက်သားပေါင်း၊ အမဲနှပ် ပင်တိုင်။ အိအိဖြိုးတို့ စားတာက တစ်မျိုး၊ ချည်ရည်ဟင်းတစ်ခုခု အမြဲပါသည်။

ဆရာကြီးသည် နေ့လယ်စာထမင်းစားချိန် ရောင်းလှည့်လေ့ရှိသည်။ ငြိမ်းတုတ်တို့ အခန်းရှေ့ ရောက်လျှင် ဆရာမနှင့် ကလေးတွေ ထမင်းစားနေတာ ကြည့်ပြီး ခေါင်းညိတ်သွားလေ့ရှိသည်။

မေဇင်အောင်မွေးနေ့တုန်းကတော့ ငြိမ်းတုတ်တို့ အပျော်လွန်သွားခဲ့ သည်။ မေဇင်အောင်အမေ က မွေးနေ့အထိမ်းအမှတ် ကြက်သားကြာဆံပြုတ် လာ ကျွေးသည်ကိုး။

ထိုနေ့က ဇော်ခိုင်ဦးတို့၊ အောင်အောင်တို့အုပ်စု အမြူးကြီးမြူးကာ စတီး ခွက်တွေကို စတီးဇွန်း နှင့် တတောင်တောင်ခေါက်ကစားနေသည့်အတွက် ဆရာမ မှာ မျက်နှာအပျက်ကြီး ပျက်နေရသေး၏ ။

" ဒီလို ဆော့နေ၊ ဆိုးနေရင် အလှူရှင်တွေ စေတနာပျက်ပြီး နောက်

တစ်ခါ လာမကျွေးဘဲ နေ မယ်နော်။ စားတဲ့အခါ ဆရာမ သင်ထားတဲ့အတိုင်း စည်းကမ်းတကျ စားမယ်။ အသံမမြည်အောင် ဂရုစိုက်ရရ စားမယ် ”

တကယ်စားကြတော့ ဇော်ခိုင်ဦးတို့၊ အောင်အောင်တို့ အပိုးသေသေဖြင့် စားကြ၏ ။ တစ် ယောက်လျှင် သုံးခါယူစနစ်ဖြင့် တနင့်တပိုးစားကြ၏ ။

“ ကလေးတို့ အစားအသောက်ဆိုတာ သင့်တင့်မျှတအောင် စားရတယ်။ ပြည့်အင့်အောင် မစားရဘူး။ ဗိုက်အိုးစရည်းဖြစ်အောင် မ စားရဘူး ”

အာဟာရကျွေးမွေးမှု အစီအစဉ်ကို လာအားပေးသော ဆရာကြီး၏ အဆုံးအမဖြစ်သည်။ ငြိမ်းတုတ်အတွက် ပထမဦးဆုံး အတွေ့အကြုံဖြစ်၏ လက်ချောင်းကလေးတွေအကြောင်း သင်သည့် နေ့ကတော့ အတန်းထဲမှာ ငြိမ်းတုတ် သတိမထားမိသေးတာကို သတိထားမိသွားသည့် နေ့လည်းဖြစ် သည်။

“ မမ . . . ညှိုးမနေနဲ့၊ လယ်လယ်သွားမယ် . . . ကြွယ်ကြွယ်တို့အိမ်ကို၊ သန်းသန်းလည်း လိုက်မယ် ”

ဆရာမတိုင်ပေးသလောက် လက်ကလေးတွေထောင်ကာ တစ်တန်းလုံး လိုက်ဆိုကြတုန်းက ပြုံးပြုံးရွှင်ရွှင်ပင်။ လက်မလေးကို မမတဲ့။ လက်ညှိုးကိုတော့ ညှိုးမနေနဲ့တဲ့၊ လက်ခလယ်ကိုတော့ လယ်လယ်သွားမယ်တဲ့။

ထိုအချိန်တွင် အတန်းတစ်နေရာဆီမှ ငိုသံ စီခနဲ ထွက်လာသည်။ တစ်ယောက်ယောက်က နာ ကျင်အောင် ပြုလုပ်လိုက်သဖြင့် ဂမ်းနည်းပက်လက် ငို သည့်အသံမျိုး။ ကြည့်လိုက်တော့ ကောင်မလေး တစ်ယောက် ဖြစ်နေသည်။

ငြိမ်းတုတ်တို့အကြည့်တွေ ကောင်မလေးဆီ ရောက်သွားခိုက် ဆရာမ သည် ကောင်မလေးကို နှစ်သိမ့်ဖို့ ကြိုးစားနေလေသည်။

“ သမီး သူသူစိုး . . . ဘာဖြစ်တာလဲဟင်၊ ဘယ်သူ ဘာလုပ်လို့လဲ ”

ကောင်မလေးက ငိုလက်စဖြင့် ခေါင်းကို ခါယမ်းနေသည်။

“ သမီးမှာ . . . သမီးမှာ . . . မမ တစ်ခုပဲရှိတယ်။ ညှိုးမနေနဲ့ မရှိဘူး၊ လယ်လယ်သွားမယ် မရှိဘူး၊ ကြွယ်ကြွယ်တို့၊ သန်းသန်းတို့ . . . ဟင့် . . . ဟင့် . . . ဟီး အီး . . . ”

“ အို . . . သမီးလေးရယ် ဟုတ်ပါရဲ့၊ ဆရာမ သတိမထားမိဘူး ”

“ ကဲ . . . ကဲ . . . မငိုပါနဲ့သမီးရယ်။ ဒီကဗျာ မဆိုတော့ဘူး ဟုတ်လား။ ဝမ်းနည်းမနေပါနဲ့ တော့။ သမီးမှာ လယ်လယ်တို့၊ ကြွယ်ကြွယ်တို့ မရှိပေမယ့် သမီး မျက်နှာလေးက သိပ်လှတယ်။ မျက်လုံးလေးက ဝိုင်းဝိုင်းလေး၊ အသားလေးက ဖြူ လို့၊ ဒီမှာဟေ့ . . . အတန်းသားတွေ သူသူစိုး လှ သလား၊ မလှဘူးလား ပြော . . . ”

“ လှပါသည် ”

ငြိမ်းတုတ်တို့ အသံကျယ်ကျယ်နဲ့ ဝိုင်းအော်တော့ သူသူစိုး မျက်ရည်စ များကြားမှ ပြုံးသည်။

ဆရာမလည်း အတန်းရှေ့ ပြန်လာကာ . . .

“ အားလုံးနားထောင်၊ ဆရာမပြောပြမယ်။ လူတစ်ယောက်မှာ အားနည်းချက်ဆိုတာ တစ်ခု မဟုတ်တစ်ခု ရှိတယ်။ အသားမည်းတဲ့သူ၊ နဖူးပြောင် တဲ့သူ၊ မွေးကတည်းက ချို့ယွင်းလာတာမျိုးပေါ့။ အခု သူသူစိုးရဲ့ လက်ချောင်း ကလေးတွေ မွေးကတည်းက ပူးကပ်နေတာ။ အဲဒါကို မကဲ့ရဲ့ရဘူး။ မပြောင်လှောင် ရဘူး။ သူ့မှာ ဖြစ်တာ လှောင်ပြောင်မိရင် ကိုယ့်မှာ ဖြစ်တတ်တယ်။ ကိုယ်သာ ဒီလို ဖြစ် ရင်ဆိုတဲ့ ကိုယ်ချင်းစာစိတ်နဲ့ သူသူစိုးကို ညှာတာရမယ်။ သူသူစိုးက ဆရာမ အနားကို ဂလုံးရေးဖို့ မလာသေးဘဲကိုး။ ဒါကြောင့် ဆရာမ ဒီကိစ္စမသိတာပေါ့။ သမီး ဂလုံးရေးဖို့ ဆရာမ ကူညီမယ်။ အတန်းသားတွေလည်း ကူညီရမယ် ”

ထိုနေ့က သူသူစိုး လက်ချောင်းကလေးတွေအကြောင်း အတန်းသား အားလုံး သိသွားလေ သည်။ အတန်းသားအားလုံး ကကြီး၊ ခခွေး၊ အေ၊ ဘီ၊ စီ၊ ဒီ ရေး နေကြသော်လည်း သူသူစိုးက အခုမှ ဂလုံးစရသည်။ ဆရာမသည် ငြိမ်းတုတ်ကို လုပ်

သလိုပင် သူသူစိုး၏ အဖျားတွေ ရှုံ့တွန့်ပူးကပ်နေ သော လက်ချောင်းကလေးတွေ ကြားမှာ ကျောက်တံကို ညှပ်ကာ ခဲရာခဲဆစ် ဂလုံးရေး သင်လေသည်။

ဆရာမသည် ဆွဲခြင်းထဲမှ လက်ကိုင်ပဝါဖြူဖြူလေးကို ထုတ်လျက် သူသူစိုး၏ မျက်ရည်တွေကို သုတ်ပေးသည်။ ပြီးလျှင် ထိုလက်ကိုင်ပဝါကို သူသူစိုးအကျႌရင်ဘတ်မှာ ချိတ်ကလေးနှင့် ချိတ်ပေး လိုက်ရင်း . . .

“ ဒီလက်ကိုင်ပဝါကလေး သမီး ယူလိုက်တော့နော် ”

သူသူစိုးသည် ခေါင်းကို ခပ်သွက်သွက်ညိတ်ကာ ဂလုံးကလေးတွေ ကြိုးစားရေးလေသည်။ ဆရာမ၏ အုပ်ထားသော လက်အောက်မှ ပူးကပ်နေသော လက်ချောင်းများသည် ကျောက်တံတစ် ချောင်းကိုပင် လေးလေးပင်ပင် သယ်ဆောင်နေသည်။ သူသူစိုးသည် ငြိမ်းတုတ် လုပ်သလိုပင် သူ့ဦး ခေါင်းကို ဆရာမရင်ခွင်ထဲ မှီချလိုက်လေသည်။

*

## အပြင်ထွက်ကတ်ပြား ပျောက်ဆုံးမှု

ကျောင်းဖွင့်ရက်တို့သည် တဖြည်းဖြည်း ရင့်လာသည်နှင့်အမျှ ကလေးတို့သည် အတန်းနှင့် ကျောင်းနှင့် အံဝင်ခွင်ကျ ဖြစ်လာသည်။ ငြိမ်းတုတ်သည် ပီတိ ကျောင်းသူမကြီးစတိုင် ဖမ်းလာသည်။ သူသူစိုးကိစ္စ ပေါ်သည့်နေ့က ငြိမ်းတုတ်သည် အိမ်ရောက်ရောက်ချင်း အမေ့ကို ရှာလေသည်။ အမေ့ ကိုတွေ့တော့ ခါတိုင်းလို လွယ်အိတ်ကို တိုင်မှာမချိတ်နိုင်၊ ကျောင်းစိမ်းအကျႌကို မချွတ်နိုင်ဘဲ အမေ့ပါး ကို ဘယ်ပြန်ညာပြန် နမ်းလေသည်။

“ ဟဲ့ . . . ဟဲ့ ငြိမ်းတုတ်ရယ်၊ ဘာဖြစ်လာတာလဲ ”

“ အမေ့ကို ချစ်လို့ပါ အမေရဲ့၊ ဒီမှာကြည့် ‘ မမ၊ ညီုးမနေနဲ့၊ လယ်လယ် သွားမယ်၊ ကြွယ် ကြွယ်တို့အိမ်ကို၊ သန်းသန်းလည်း လိုက်မယ် ’ သမီးမှာ ဟိုဘက်၊ ဒီဘက် လက်ဆယ်ချောင်းလုံးစုံ အောင် အမေ မွေးပေးတဲ့အတွက် အမေ့ကို ချစ်လို့ပါ ”

ငြိမ်းတုတ် သည်နှစ်မှ ကျောင်းနေရသော်လည်း အတန်းထက် အသက်ကြီးနေသဖြင့် ပေါက် ပေါက်ရှာရှာတွေ တွေးခေါ်တတ်သော်လည်း လယ်လယ်တို့၊ ကြွယ်ကြွယ်တို့ကိစ္စကိုတော့ အမေ နားမ ရှင်းပါ။ သူသူစိုးနှင့် လယ်လယ်၊ ကြွယ်ကြွယ်ကိစ္စ အတော်ရှင်းရ၏ ။

အမေ သဘောပေါက်တော့ အမေသည် ငြိမ်းတုတ်ကိုယ်ကလေးကို ကျစ်ကျစ်ပါအောင် ဖက် လိုက်သည်။

“ အမေ ကိုယ်ချင်းစာပါတယ်။ သူသူစိုးအမေလည်း သူ့သမီးကို

လက်ချောင်းလှလှလေးတွေ ဖြစ်စေချင်မှာပေ့ါ။ လှလှလေးဖြစ်အောင် မွေးလိုက်တာပါပဲ။ ဒီလိုဖြစ်လာတာက အတိတ်ကံနဲ့ဆိုင် တယ် သမီး ”

“ အတိတ်ကံ ”

ထိုစကားကို ငြိမ်းတုတ် နားမလည်ပေ။ အမေကလည်း ရှင်းမပြ။ သမီးကြီးလာတော့ သိလိမ့် မယ်။ ကြောင်အိမ်ထဲမှာ သမီးအတွက် မုန့်စိမ်းပေါင်း ဝယ်ထားတယ်နှင့် အာရုံပြောင်းလိုက်လေ၏ ။ ငြိမ်းတုတ်သည် စကားတစ်ခွန်းရလျှင် မပြီးတော့၊ အဖေ ပြန်လာလျှင် အတိတ်ကံဆိုတာ ဘာလဲ မေးနေဦးမလား အမေစိတ်ပူ၏ ။

သို့သော် အဖေပြန်လာတော့ ငြိမ်းတုတ်က မမေး၊ ရေမိုးချိုးပြီး အိမ်စာတွေ ကုန်းလုပ်နေသည်။ နောက်ဆိုရင် ငြိမ်းတုတ်တို့ စာအုပ်နဲ့ခဲတံ ပြောင်းကိုင်ရတော့မယ်တဲ့ . . . ဆရာမက ပြောတယ်ဆိုပြီး အမေ့ကို လှမ်းပြောနေသေး၏ ။

“ ရှင်ငြိမ်းတုတ် . . . စာတွေကြိုးစားလှပါလားကွ။ ဒီနေ့ ဘာကဗျာတွေ သင်ခဲ့ရသလဲ၊ အဖေ့ ကို ဆိုပြပါဦး ”

အမေသည် မီးဖိုထဲမှ နားစွင့်နေလျက် လယ်လယ်တို့၊ ကြွယ်ကြွယ်တို့ကိစ္စ ရောက်သွားတော့ မှာပဲဟု စိတ်ပူနေ၏ ။ သမီးအာရုံထဲ ထိုအရာကို တဝဲဝဲ တလည်လည် မဖြစ်စေချင်။ သို့သော် အမေ စိတ်ပူသလို ဖြစ်မလာပါ။ ငြိမ်းတုတ် အဖေနှင့် အပေးအယူ လုပ်နေသည်။

“ သမီးဆိုမှာကို အဖေနားထောင်မယ်ဆိုရင် မတ်တတ်ရပ်မှ နားထောင်လို့ရမယ်။ အဖေ နား ထောင်မယ်ဆို မတ်တတ်ရပ် ”

“ အမယ် . . . သမီးက ဘာဆိုမှာမို့ အဖေ မတ်တတ်ရပ်ရမှာလဲ၊ ကဲ . . . ရပ်ပြီဗျာ ”

“ မရသေးဘူး၊ တည့်တည့်ရပ်။ လက်နှစ်ဖက်ကို ဘေးကပ်၊ လက်သီး

လေးကို ဒီလိုဆုပ်၊ ခေါင်း ကို တည့်တည့်ထား၊ မျက်လုံးရှေ့ကြည့် ”

“ တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ . . . တို့ပြည်၊ တို့မြေ၊ များလူ ခပ်သိမ်း ငြိမ်းချမ်းစေဖို့ . . . ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည် . . . ပြည်ထောင်စုအမွေ အမြဲတည်တံ့ပေ . . . အဓိဋ္ဌာန်ပြုမလေ . . . ထိန်းသိမ်းစို့လေ . . . ကမ္ဘာမကြေ . . . ”

ငြိမ်းတုတ်အသံ အောင်အောင်ကြီးက ညှော့ခန်းသေးသေးလေးထဲ ဟိန်း ထွက်နေသည်။ အဖေ သည် အံ့အားတသင့် တောင့်တောင့်ကြီးရပ်လျက် . . .

အမေကတော့ မီးဖိုခန်းဂမှာ မတုန်မလှုပ်၊ ဪ . . . ရှင်ငြိမ်းတုတ်ရယ်။

ငြိမ်းတုတ်သည် ကျောင်းရောက်သည့် နှစ်ပတ်အတွင်း ချက်ချင်းကြီး ထွားရင့်ကျက်လာသည်။ ကျောင်းနေသက် ကျော်လွန်သွားသဖြင့် အရာရာကို သဘောပေါက်မြန်သည်လည်း ဖြစ်နိုင်သည်။ အရင်ကလို အဆော့မမက်တော့။ အား လျှင် တာတီပိုးနှင့် စကားပြောကာ စာသင်ကစားလေ့ရှိသည်။

“ တာတီပိုးရယ် . . . နင်က ဘာမှလည်း မလုပ်တတ်ဘူး။ သုံးလို့ကိုမရ ဘူး။ ဒီမှာကြည့် ဆရာမသင်လိုက်တာ နင့်ကို ပြန်သင်ပေးမယ်။ လွယ်လွယ်လေး ”

‘ ရေနွေးအိုးကလေးသည်

ဝိုင်း၍ ပူ

ဒီမှာလက်ကိုင် ဒီမှာနှုတ်သီး

ရေနွေးဆူသောအခါ အော်လိုက်တာ

လက်ကိုင်ကိုမ၍ လောင်းချပါ ’

ခါးကလေးတစ်ထောက် ထောက်ကာ လက်တစ်ဖက်က ရေနွေးကရား နှုတ်သီးဟန် ကောက် ကောက်ကလေးလုပ်နေသော ငြိမ်းတုတ်ဟန်ပန်က အမေ့ မျက်လုံးထဲ အလွန်လှလေသည်။ တာတီပိုး က သူ့ကိုကြည့်ကာ တစ်ချက် သမ်းဝေလျက် ခြေတွေ လက်တွေ ဆန့်တန်းလိုက်သည်။ ပြီးလျှင် နီးရာ ထရံကို တစ်

ချက်နှစ်ချက်၊ ရှေ့လက်နှစ်ဖက်နှင့် လှမ်းခြစ်လျက် ပြန်ခွေအိပ်သွားလေသည်။

“ သောက်ပျင်း . . . အဲလေ . . . ကန်တော့၊ ကန်တော့ . . . ဆရာမက သောက်မပြောရဘူး တဲ့။ ပျင်း ပျင်း . . . တာတီပိုး ပျင်း၊ ကြောင် ပျင်း . . . ”

တောကနှင်းပန်းကလေးရယ် ကျေးဇူးတင်ပါတယ်။ အမေ့ ဘာသာ တစ်ယောက်တည်း ရေရွတ်နေလေသည်။

ယခုအချိန်မှာတော့ ငြိမ်းတုတ်သည် ကမ်းနားဈေးမှ ဒေါ်ကြီးမဆင့်လို ငါးဖျက်သမကြီး မဖြစ် ချင်တော့ပေ။ ဆရာမ ဒေါ်နှင်းပန်းမြိုင်လို ဆရာမလေးဖြစ် ချင်သည်။ ဆံထုံးလှလှကလေးထုံး၊ ပန်း ကလေး တစ်ပွင့်ပန်၊ အကျႌအဖြူ၊ ထဘီ အစိမ်း၊ လက်ကိုင်ပဝါကလေး ခါးကြားညှပ်၊ ကျောင်းဆွဲခြင်း ကလေးဆွဲ၊ ခါးကို ဒီလို နွဲ့ပြီးလျှောက်၊ ကျောင်းသည် အားကျစရာ၊ သင်ယူစရာ၊ လေ့လာစရာ၊ ပျော် ရွှင်စရာ တွေနှင့် ငြိမ်းတုတ်ကို ကြိုဆိုနေလေသည်။

စိတ်ညစ်စရာတွေကို ငြိမ်းတုတ် ကြိုတင်စိတ်မကူးမိသော တစ်နေ့မှာ တော့ စိတ်ညစ်ညူးဖွယ် ရာ အချို့နှင့် ပက်ပင်းတိုးခဲ့ရသည်မှာ မှတ်မှတ်ရရပင်။

ထိုနေ့သည် မိုးရွာပြီးစဖြစ်သော်လည်း နေသာသော နေ့တစ်နေ့ ဖြစ်သည်။ ထိုသို့ နေသာသော နေ့မျိုးဆို ဘာကြောင့်မှန်းမသိ ငြိမ်းတုတ်တို့အတန်း သားတွေ အပြင်ထွက်ချင်လှသည်။ အပြင်ဆိုသည် က အိမ်သာသွားခြင်းကို ဆိုလိုသည်။ အပေါ့အလေး သွားတော့မည်ဆို အပြင်ထွက်ကတ်ပြား ယူသွား ရမည် ဟု ဆရာမ အမိန့်ထုတ်ထား၏ ။ အပြင်ထွက်ကတ်ပြားတစ်ခုလျှင် တစ်ယောက်၊ သို့မဟုတ် နှစ် ယောက် သွားနိုင်သည်။ အပြင်ထွက်ကတ်ပြား ကျားတစ်ခု၊ မတစ်ခု၊ နှစ်ခုတိုင်မှာ ချိတ်ထားပေး၏ ။ လက်တစ်ဝါးစာ သစ်သားပြားကလေးထိပ်မှာ အပေါက်ဖောက် ကြိုးကွင်းချည်ထားပြီး ထိုကြိုးကွင်းက တိုင်မှသံတွင် ချိတ်ရန်ဖြစ် သည်။

ထိုနေ့က အတန်းသားတွေအားလုံး ဆီးရွှင်ကြသည်။ အပြင်ထွက်

ကတ်ပြားမှာ မနားတမ်း အ လုပ်လုပ်နေရသည်။ ကျောင်းဖွင့်စက ဆီးမထိန်းနိုင်သော တစ်ယောက်၊ နှစ်ယောက် အတန်းထဲမှာ ထွက်ကျသဖြင့် ဆရာမက အပြင်ထွက်ကတ်ပြားနှင့်ဆို နှစ်ယောက်တစ်တွဲ မြန်မြန်လွှတ်ပေးလေ့ရှိ၏ ။ ငြိမ်းတုတ်သည် ဗမ်းထဲမှာ ရစ်တစ်တစ် ဖြစ်နေသည်နှင့် သံချိတ်မှ အပြင်ထွက်ကတ်ပြားကိုယူကာ အိမ်သာသို့ တစ်ယောက်တည်း ထွက်ခဲ့မိသည်။ ခါတိုင်း နှစ်ယောက်ထွက်သော်လည်း ယခုမူ မေဇင် အောင်ကိုလည်းကောင်း၊ ကြည်ပြာလွင်ကိုလည်းကောင်း ခေါ်ရန် အချိန်မရတော့ပေ။

အိမ်သာသို့ ရောက်သောအခါ ကံဆိုးချင်တော့ မူလတန်း မိန်းကလေးအိမ်သာတွေ အားလုံး ပြည့်နေသည်။ ကိုယ့်နေရာမဟုတ်သော အလယ်တန်းအိမ်သာသို့ ငြိမ်းတုတ် မသွားရဲ။ တော်တော် အခက်တွေ့နေ၏ ။ အိမ်သာ အပြင်ဘက်တွင် ထိုင်လိုက်ပါက တစ်ယောက်ယောက်တွေ့သွားလျှင် ပြဿနာများနိုင်သည်။ ငြိမ်းတုတ် ဟိုကြည့်၊ သည်ကြည့်နှင့် ခြံစည်းရိုးထောင့်က အိမ်သာအဟောင်းကို သွားမြင်သည်။

ယင်လုံအိမ်သာ မဆောက်ခင်က အသုံးပြုခဲ့သော တွင်းဟောင်းအိမ်သာ။ အတန်းကြီးမမတွေ ယင်လုံအိမ်သာမှာ လူပြည့်နေပါက ထိုအိမ်သာဟောင်းမှာ သွားကြတာ သူတွေ့ဖူးသည်။ ငြိမ်းတုတ် ကြာကြာစဉ်းစားမနေနိုင်တော့။ အိမ်သာဟောင်းထဲ ဝင်လိုက်ရ၏ ။ အထဲမှာ အညစ်အကြေးတွေက အဟောင်းနှင့်အသစ်ရောနေသည်။ ငြိမ်းတုတ် ဗမ်းမကောင်း။ သွားနေရင်းနှင့် ဗိုက်ထဲက ရစ်တစ်တစ် နာလာကာ အကြာကြီးထိုင်ပြီးမှ ပြဿနာက ပေါ်တော့သည်။ ဘယ်မှာလဲ သန့်စင်ဖို့စက္ကူ။ ယင်လုံ အိမ်သာဆို ရေနှင့်ဘာနှင့် အကျအနမို့ တစ်ခါမှ စက္ကူဆောင်လေ့မရှိ။ ယခုတော့ ဒုက္ခ၊ ဘယ်လိုလုပ်ရ ပါ့။ ငြိမ်းတုတ် ဉာဏ်ကလေး လက်တစ်ဆစ်နှင့်ကျူထရံဟောင်းကို ချိုးဖဲ့တော့သည်။ ကျူထရံဟောင်း ကား ခေါင်းမာလှ၏ ။ တော်ရုံဖြင့် မကျိုး၊ မပဲ့။ ငြိမ်းတုတ် အားနှင့်မာန်နှင့် လက်နှစ်ဖက်ကို သုံးလိုက် တော့ ပေါင်ပေါ်တင်ထားသော အပြင်ထွက်ကတ်ပြား လျှောခနဲ ကျသွားတော့၏ ။

အညစ်အကြေးပုံပေါ်သို့ ကတ်ပြားကျသွားသည့် ‘ ဘုတ် ’ ခနဲမြည်သံသည် ငြိမ်းတုတ်အတွက် ကမ္ဘာတုန်သွားသည့် အသံဖြစ်သည်။ ချွေးစေးတွေ ပြန်လာသည်။ ဘယ်လိုလုပ်ရပ့ါ။

“ အပြင်ထွက်ကတ်ပြားဆိုတာ ထွေပစ်တမ်းကစားတဲ့အရာ မဟုတ်ဘူး။ ကတ်ပြားပျောက်ရင် ဆရာမ ရိုက်လည်း ရိုက်မယ်။ ကတ်ပြားဖိုးလည်း လျော်ရမယ်။ ဒါကြောင့် အပြင်ထွက်ကတ်ပြား မပျောက်ပါစေနဲ့။ ပျောက်ရင် အပြစ်ဒဏ်ခံရမယ်။ မှတ်မိတယ်နော် ”

ဆရာမအသံက ငြိမ်းတုတ်နားမှာ စီခနဲ။ မဖြစ် . . . ကတ်ပြားပြန်ရမှဖြစ်မည်။ လောလောဆယ် သန့်ရှင်းရေးအတွက် ကျူထရံဟောင်းကို ကြိုးစားချိုးဖွဲ့လိုက်တော့ အောင်မြင်သွား၏ ။ မစင်တစင် သန့် စင်လိုက်ပြီး အပြင်ထွက်ကာ ခြံစည်းရိုးနားကပ်လျက် သစ်ကိုင်းခြောက်ရှည်ရှည်တစ်ခုကို ရှာသည်။ ထို သစ်ကိုင်းခြောက်နှင့် ကတ်ပြားကို ကြိုးစားကောက်ယူပါသော်လည်း ကတ်ပြားက မပါ။ တစ်ကြိမ်သော် ကတ်ပြားထိပ်မှ ကြိုးကလေးထဲ သစ်ကိုင်းခြောက်ဝင်သွားပြီးမှ ဆွဲတင်ရင်း ဆွဲတင်ရင်းတွင် ချောင်ပြီး ပြန်ကျသွားပြန်သည်။ နောက်တစ်ခါ သစ်ကိုင်းခြောက်မှာ ကွင်းငြိတော့ ငြိမ်းတုတ် သတိကြီးစွာထား ကာ ဆွဲတင်ရင်း မမှီတမီ လှမ်းအယူ ဆွေးနေသည့် ခြေနင်းတန်းကျိုးပြီး တွင်းထဲကျသွားတော့သည်။

တကယ်ဆို တွင်းက ကလေးတစ်ရပ်ထက်မြင့်သော်လည်း မနက်လှပါ။ ငြိမ်းတုတ်မှာ ကြောက် တာရော၊ လန့်တာပါ ပေါင်းပြီး အာခေါင်ကိုခြစ်ကာ အသံကုန် အော်ငိုတော့သည်။

ဆရာမသည် အတန်းထဲမှာ ငြိမ်းတုတ်မရှိသည့်ကိစ္စကို အချိန်များစွာ မကြာခင် သတိထားမိ သွားလေသည်။ ငြိမ်းတုတ်ရှိလျှင် ကျောက်သင်ပုန်းကြီးမှာ စာဖျက်ရာ၊ ဆရာမအနီး လူပိုင်းရာမှ ကူညီ လေ့ရှိသည်။ ငြိမ်းတုတ်အသံစာစာကလေးက ကလေးတွေကြားထဲ စူးခနဲ၊ ထင်းခနဲ။ ယခု ထိုအသံမကြားရတာ မိနစ်အတန်ကြာပြီ။ အိမ်သာတွေ ဘာတွေများ သွားနေသလား၊ တခြားအတန်း တော့

သေဂချောင် မထိုးတန်ရာ။ ဆရာမ ချက်ချင်းပင် အပြင်ထွက်ကတ်ပြားကို လှမ်းကြည့်လိုက်လေ သည်။ မိန်းကလေးကတ်ပြားတစ်ခု လျှော့နေသည်။

“ အားလုံး ကိုယ့်နေရာကိုယ် ထိုင်ကြစမ်း။ လူစစ်မယ် . . . ”

တစ်ခဏချင်းမှာပင် ငြိမ်းတုတ်တစ်ယောက် လျှော့နေကြောင်း ဆရာမ သိသွားလေသည်။ ဆရာမသည် အိမ်သာဘက်ဆီသို့ ခြေလှမ်းအမြန်နှုန်းဖြင့် ပြေးသွားလေရာ ဇော်ခိုင်ဦး၊ ဖိုးတာနှင့် ကျော်ကျော်တို့ ဘုမသိ ဘမသိ ပြေးလိုက်သွားလေသည်။

“ ငြိမ်းတုတ်ရေ . . . ရှင်ငြိမ်းတုတ်ရေ . . . ”

ဆရာမသည် မူလတန်းအိမ်သာတံခါးများကို ငြိမ်းတုတ်အမည်ခေါ်လျက် ထုလေသည်။ ထို ခဏတွင်ပင် ခြံထောင့် တွင်းဟောင်းဘက်ဆီမှ ငြိမ်းတုတ် ငိုသံကို ကြားရတော့သည်။

မြင်ကွင်းက ဆရာမကို မသက်မသာ ဖြစ်စေလေသည်။ ကြောက်လန့်တကြား ငိုနေသော ကလေးတစ်ယောက်ကိုတော့ဖြင့် အမြန်ဆုံးကယ်မှ ဖြစ်တော့မည်။ ငြိမ်းတုတ်ခန္ဓာကိုယ်ကို ဆရာမ နိုင် ပါ့မလား။

“ ဇော်ခိုင်ဦး ပထမတန်းက ဆရာမကို ပြေးခေါ်စမ်း ”

သည်လိုတော့ ဇော်ခိုင်ဦးက အားကိုးရသည်။ ငြိမ်းတုတ် ဒုက္ခရောက်နေပြီ၊ အမြန်ဆုံး ကယ် တင်ရမည်ဆိုတာ သိ၏ ။ ပြေးလိုက်သည်မှာ ပူနေ၏ ။ မကြာမီ ပြောသံကြားနှင့် အထက်တန်းကျောင်း သားကြီးနှစ်ယောက် ရောက်လာသည်။ ငြိမ်းတုတ် ကယ်ဆယ်ရေးမှာ လွယ်လွယ်လေး ဖြစ်သွား၏ ။

“ အပြင် . . . အပြင်ထွက် ကတ်ပြား . . . ကတ်ပြား ”

အကြောက်လွန် ထစ်အနေသော ငြိမ်းတုတ်အသံက လတ်တလော အနေအထားကို ရှင်းလင်း သွားစေသည်။ တဆတ်ဆတ် တုန်ယင်နေသော ငြိမ်း

တုတ်သည် အဆင်ခြင်ကင်းမဲ့စွာ ဆရာမ ရင်ခွင်ထဲ တိုးဝင်လာသည်။ ဆရာမ၏ ကရုဏာမြစ်သည်လည်း အနံ့အသက်ကြောင့်လည်းကောင်း၊ ပေကျံမှုကြောင့် လည်းကောင်း တံ့ဆည်မထားနိုင်။

ထိုနေ့က ကျောင်းနှင့်မနီးမဝေး ဆရာမ တည်းခိုရာ အဆောင်ကလေးဆီ ရောက်သွားကာ ဆရာတပည့်နှစ်ယောက်စလုံး ရေမိုးချိုးသန့်စင်ရသည့်အဖြစ်က တကယ့် အထင်ကရ အမှတ်တရပင်။ ကျောင်းသူတစ်ယောက် တွင်းဟောင်းထဲ ကျသည့်သတင်းကလည်း တစ်ကျောင်းလုံးဆီသို့ ချက်ချင်း ပျံ့လွင့်သွား၏ ။

ယခုတော့ဖြင့် ဆရာမအကျႌဟောင်းကလေးဖြင့် အကြောက်ပြေနေသော ငြိမ်းတုတ်သည် ဧည့်ခန်းကလေးမှာ ငုတ်တုတ်ထိုင်နေသည်။ သူ့အဖြူအစိမ်း ဂါဝန်ကလေး ဆရာမ ရေလျှော်နေပြီဖြစ် သည် ခဏကြာ ဆရာမအိမ်ကလေးဆီသို့ ဆရာကြီး တန်းတန်းမတ်မတ် လျှောက်လာသည်။ ငြိမ်းတုတ် နေစရာ မရှိတော့။

“ မကြောက်ပါနဲ့ ကလေးရဲ့ . . . ငြိမ်းတုတ်အပြစ် မဟုတ်ပါဘူး”

ဆရာကြီးကလည်း ဆူပူရန် မဟုတ်၊ သတင်းမေးရန် လာခြင်းသာ။

“ ကျွန်တော် အမှတ်တမဲ့ ဖြစ်သွားတာလည်း ပါတယ် ဆရာမ။ တကယ်ဆို တွင်းဟောင်းကို တစ်ခါတည်း ဖျက်ပစ်၊ ဖို့ပစ်လိုက်ရမှာ။ ကလေးဆိုတာက မပြောနိုင်ဘူးလေ။ ဒီအရွယ်က သူစိတ် ထင်တာ လုပ်လေ့ရှိတာ။ တော်ပါသေးရဲ့၊ ဒဏ်ရာအနာတရ မဖြစ်တာ။ ဒီလိုလုပ်ပါ . . . ကလေး သိပ် လန့်သွားပြီ။ သန့်သန့် ရှင်းရှင်းဖြစ်ရင် အိမ်ကိုသာ ပြန်ပို့ပြီး မိဘဆီ အကျိုးအကြောင်းပြော အပ်နှံလိုက် ပါ။ ကျွန်တော် ကျောင်းသားကြီးနှစ်ယောက်နဲ့ ဆိုင်ကယ် လွှတ်ပေးလိုက်မယ်။ အတန်းကိုလည်း ဆရာစား သွင်းလိုက်မယ် ”

ထိုနေ့က အိမ်မှာလူမရှိသဖြင့် အမေရှိရာ ကမ်းနားဈေးသို့ လိုက်ပို့အပ်နှံရသဖြင့် ငြိမ်းတုတ်အ ဖြစ်သည် ကမ်းနားဈေးမှာပင် တစ်မုဟုတ်ချင်း ပျံ့လွင့်သွားလေသည်။

“ မသေကောင်း မပျောက်ကောင်း ငြိမ်းတုတ်ရယ် . . .၊ ဆရာမကိုလည်း အားနာလိုက်တာ ရှင် ”

“ မဟုတ်တာ အစ်မကြီးရယ် . . . ကျွန်မ တာဝန်ချိန်၊ ကျွန်မလက်ထဲမှာ ဖြစ်တာ။ ကျွန်မ ပေ့ါ လျော့လို့ဖြစ်တဲ့ကိစ္စပါ။ ကလေးကို ထပ်ပြီး မဆူပါနဲ့။ ငြိမ်းတုတ်က လိမ္မာပါတယ်။ ဉာဏ်လည်းကောင်း တယ်။ စာရေးစာဖတ်လည်း ဝီရိယရှိတယ်။ ဆရာအပေါ်လည်း သိတတ်မှုရှိပါတယ် ”

ဆရာမပြန်သွားပြီး အမေသည် ဈေးကို စောစောသိမ်းကာ ငြိမ်းတုတ်ကို ခေါ်လျက် အိမ်ပြန် လာခဲ့ရလေသည်။ ထိုညက အိပ်မက်ဆိုးတွေမက်ကာ ငြိမ်းတုတ် ဖျားသွားတော့သည်။ အပြင်ထွက် ကတ်ပြား၊ အညစ်အကြေးတွင်းပေါင်း၊ အေးခန်ထိတ်လန့်သွားသော ခံစားမှု၊ ရွာထဲမှ ဆေးမှုူးကို အိမ်ပင့်ခေါ်ရသည့်အဆင့် ရောက်တော့၏ ။

*